မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဆားဗီးယားနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်စ် တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆားဗီးယားနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဂျေဆလာ့ဗ် ကိုစတူနီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ငမိုးရိပ်တံတား (ကမာကြည်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည့် ငမိုးရိပ်တံတား(ကမာကြည်)နှင့် ပို့ကုန်သွင်းကုန်များအား ပိုမိုလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည့် ဒဂုံတံတား သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီပြီးစီးရေး ကြိုးပမ်းတည်ဆောက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက်

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

15-2 (01) 1 2/15/07, 2:00 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်)

လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေး ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိ

နိုင်ငံတော်က နယ်ပယ်ကဏ္ဍအသီးသီး၌တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ပေါ်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝ မြင့်မားလာခဲ့သည်။ ထိုသို့ ပြောင်းလဲလာသော လူမှုစီးပွားဘဝနှင့် လိုက်လျောညီစွာ စက်မှုကဏ္ဍသည်လည်း ဖွံ့ဖြိုးလာခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ ပိုမိုတိုးမြင့်လာလျက် ရှိသည်။

လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများ အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက် ရှိသည်။

ယခုအခါ နိုင်ငံတော်က ရေအားလျှပ်စစ်စီမံကိန်းကြီး၁၆ခုကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ရက်နေ့က ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေအားလျှပ်စစ် စီမံကိန်းသည်လည်း အပါအဝင် ဖြစ်သည်။ ထို့အပြင် ခပေါင်းစီမံကိန်း၊ ကျိုင်းတောင်းစီမံကိန်း၊ ရွှေလီစီမံကိန်း၊ ကွန်းချောင်းစီမံကိန်း၊ ဖြူးချောင်းစီမံကိန်း၊ ရွှေကျင်စီမံကိန်းနှင့် ရဲရွာစီမံကိန်းများကို ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု ဆက်တိုက်ဖွင့်လှစ်သွားနိုင်ရေးအစွမ်းကုန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ စီမံကိန်းများ အားလုံးပြီးစီးသွားပါက စက်တပ်အင်အား ၁၀၄၂၃ မဂ္ဂါဝပ် ထပ်မံတိုးတက်ရရှိလာမည် ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း၌ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း ၁၃ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ ရဲနွယ်ချောင်းပေါ်၌ တည်ဆောက်ထားသည်။ စက်တပ်အင်အား ၁၂ဒသမ၅ရှိ စက်နှစ်လုံး တပ်ဆင်ထားသဖြင့် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည့်အပြင် လယ်မြေဧက တစ်သိန်းကျော်ကိုလည်း ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။

နိုင်ငံတော်သည် ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်စွမ်းအားဖြင့် နိုင်ငံတော်တွင် လိုအပ်နေသော လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေလှောင်တမံ ဘက်စုံစီမံကိန်းများကို တစ်ခုပြီးတစ်ခု တည်ဆောက်ပေးလျက်ရှိရာ ရရှိလာသည့် စိုက်ပျိုးရေအပြင် လျှပ်စစ်ဓာတ်အားကို တွင်ကျယ်စွာအသုံးပြုနိုင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန် မာ ကျောင်း (မူ လ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ် ရန် အ တွက် နှစ်ဖက်မိဘနှစ်ပါးကို အမှူးထားပြီး ဦးမောင်လေးအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်(၃/ခ)ရပ်ကွက် ကြာပဒုမ္မာလမ်း အမှတ်(၅၂)နေ ဇနီး ဒေါ်တင်လှနှင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှူးဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တော်ဝင်ရန်ကုန်မြို့တော်ဟိုတယ် (၃) တည်ဆောက်ရေးလုပ်ငန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သစ္စာလမ်းအကြား လမ်းအရှည်ပေ ၃၅၀၀၊ အကျယ် ၃၆ပေရှိ ဝေဇယန္တာလမ်း အရှေ့ဘက်ခြမ်းလမ်းကို ကွန်ကရစ်ကတ္တရာထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ် လျှပ်စစ်တာဝါတိုင်မှ မြောက်ဥက္ကလာပမြို့နယ်အဝင် အုတ်ပုံဆိပ်အထိ လမ်းအရှည် ၂၀၅၆ ပေ၊ အကျယ် ၆၆ပေရှိ သံသုမာလမ်းအပိုင်းကို Emulsion Asphalt ကတ္တရာရည်ဖြင့် စမ်းသပ်လမ်းခင်းဆောင်ရွက်ထားရှိမှု၊ မြောက်ဥက္ကလာပမြို့နယ် အဝိုင်းကြီးမှ သုခမိန်လမ်းအထိ လမ်းအရှည်ပေ၄၁၀၀ရှိ ခေမာသီလမ်းအပိုင်းကို အကျယ် ၄၄ ပေ လမ်းသားတိုးချဲ့မှုနှင့် ကွန်ကရစ် ကတ္တရာခင်းရန် ကျောက်စီခင်းနေမှု တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက တည်ဆောက်လျက်ရှိသော တော်ဝင်ရန်ကုန်မြို့တော် ဟိုတယ် (၃) တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ သွားရောက်ပြီး ဟိုတယ် အချောသပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာများက လိုက်လံရှင်းလင်း ပြသကြသည်။

မှာကြား

ယင်းနောက် မြို့တော်ဝန်က သတ်မှတ်ကာလအတွင်း ပြီးစီးရန် စနစ်တကျ သွက်လက် မြန်ဆန်စွာ ဆောင်ရွက်ရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာ လုပ်ဆောင်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၇
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟာဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း-၈)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း-၅)

လက်ခံယူ

ဦးချစ်မြိုင်- (ဒေါ်ခင်ယု) မိသားစု (U.S.A)က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ် ၁၂သိန်း ရှစ်သောင်း လှူဒါန်းရာ အလှူရှင် ကိုယ်စား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင်ထံမှ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က-ပ)

လူထုအခြေပြု အိမ်တွင်းပြုစုမှု စီမံချက်လုပ်ငန်း ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းက ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု အိမ်တွင်းပြုစုမှုစီမံချက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၄)ရပ်ကွက် စက်မှုဇုန်ရှိ အေးရိပ်ငြိမ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာ ဒေါ်ခင်ညိုနှင့် ဗဟိုစီမံချက်အဖွဲ့ဝင်များ၊ ပြည်နယ်တိုင်းအသီးသီးရှိ စီမံချက်ဧရိယာမြို့နယ်များမှ ညှိနှိုင်းရေးမှူးများနှင့် လက်ထောက်ညှိနှိုင်းရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

ဆွေးနွေးပွဲတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အခြားကူးစက် ရောဂါရှင်များအား ထိရောက်ထက်မြက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်ပြုစုမှု အပြည့်အဝပေးနိုင်ရေး၊ ဝေဒနာရှင်များနှင့် ယင်းတို့၏ မိသားစုဝင်များအား ကျန်းမာရေး၊ လူမှုရေးကိစ္စ ပံ့ပိုးကူညီမှုများ ပိုမိုတိုးမြှင့်ပေးသွားနိုင်ရေး၊ စီမံချက်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၏ အားသာချက်၊ အားနည်းချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို စုပေါင်းဆွေးနွေးညှိနှိုင်းကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ အစားထိုးရွေးချယ်ခြင်းနှင့် တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ၂၅ ရာခိုင်နှုန်းအနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းနှင့် ပဉ္စမအကြိမ် ရန်ကုန်တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ရုံး၏ မင်္ဂလာဈေးဓမ္မာရုံတော်ကြီး၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အစည်းအဝေးသို့အစားထိုးရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအမှူးပြုသော ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စိန္တာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ အမှူးပြုသော တိုင်းသံဃနာယက အဖွဲ့ဝင် ဆရာတော်များနှင့် တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဥပတ္ထမ္ဘကအဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် အစားထိုးရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် အစားထိုးရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒက ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကိုဖွင့်လှစ်ပြီး အခမ်းအနားမှူး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒကအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး သဘာပတိ အစားထိုးရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက အစည်းအဝေးဖွင့် ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

အကျိုးသက်ရောက်မှု

ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယခုကဲ့သို့ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်များစုံညီသည့် နှစ်ပတ်လည် အစည်းအဝေးတွင် အထူးလျှောက်ထားလိုသည်မှာ ဆရာတော်များအနေဖြင့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စများကို ဆောင်ရွက်တော်မူကြရာတွင် ဆရာတော်များ၏ ဓမ္မဝိနယနှင့် ညီညွတ်သောဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များတည်းဟူသော ဓမ္မစက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်များက လိုက်နာရေးအတွက် တပည့်တော်များအနေဖြင့် အာဏာစက်အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရပါကြောင်း၊ တပည့်တော်များအနေဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ဆရာတော်ဘုရားများ၏ ဓမ္မစက် အကျိုးသက်ရောက်မှုရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်သာဖြစ်ပါကြောင်း။

ယနေ့ လက်ရှိ အခြေအနေတွင် သံဃာ့ဦးဆျောင် ဆရာတော်ကြီးများနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က လက်မခံသည့်အပြင် ဗုဒ္ဓဘာသာဝင် အများပြည်သူများ အမြင်တွင်လည်း မတင့်တယ်သည့် အချို့သော ရဟန်းသာမဏေများ၏ အလှူခံမှု၊ ဘောလုံးကန်မှု၊ လောင်းကစားမှု စသည်များကိုလည်း မြင်တွေ့ကြားသိနေကြရပါကြောင်း၊ ထိုသို့သော သမဏသာရုပ္ပမဖြစ်သည့် အမှုများကို ပြုလုပ်လျက်ရှိကြသော ရဟန်းသာမဏေများအား အဆိုပါအမှုများ မပြုလုပ်ရေးအတွက် ထိရောက်သော တားမြစ်ဆုံးမ ဩဝါဒ ပေးရန်လိုအပ်လျက်ရှိပါကြောင်း၊ ဆရာတော်များအနေဖြင့် ကျောင်းထိုင်ဆရာတော်များမှတစ်ဆင့် သံဃာငယ်များအထိ ရောက်အောင် လိုအပ်သော လမ်းညွှန်ဆုံးမ ဩဝါဒပေးမှုများပြုလုပ်ဆောင်ရွက်ပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်း။

သွန်သင်ညွှန်ပြ

ထို့ပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ညွှန်ကြားထားသည့်အတိုင်း ရဟန်းသာမဏေများအနေဖြင့် အကြောင်းတစ်စုံတစ်ရာမရှိဘဲ ည ၉ နာရီနောက်ပိုင်း ကျောင်းတိုက်ပြင်ပသို့မထွက်ရေးကိုလည်း ဆက်လက်လိုက်နာရန်လိုအပ်ပါကြောင်း၊ ကျောင်းတိုက်ပြင်ပသို့ထွက်ရန် မဖြစ်မနေအကြောင်းထူးရှိလျှင်လည်း ညွှန်ကြားချက်ပါအတိုင်း သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော်၊ ရပ်ကွက်သံဃနာယကဆရာတော်တို့၏ ထောက်ခံချက်ပါရှိရမှာဖြစ်ပါကြောင်း၊ အဆိုပါလိုက်နာရမည့် အချက်များကို ရဟန်းသာမဏေအားလုံး တိတိကျကျသိရှိလိုက်နာရေးအတွက် ဆရာတော်များက ဆက်လက်၍ သွန်းသင်ညွှန်ပြဆုံးမပေးတော်မူကြပါရန်ကိုလည်း ထပ်လောင်း၍လျှောက်ထားအပ်ပါကြောင်း။

ယနေ့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်များအား ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် အမျိုးဘာသာ သာသနာတော်အကျိုးကို ဆတက်တိုး၍ သယ်ပိုး ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် လျှောက်ထားသွားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ယင်းနောက် တိုင်းသံဃနာယကဥပတ္ထမ္ဘကအဖွဲ့အတွက် အလှူတော်ငွေပေးအပ်ပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၂၇၀၀၀၊ ဘီတီဘီကုမ္ပဏီမှ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် မိသားစုက ငွေကျပ် ငါးသိန်း၊ တော်ဝင်နှင်းဆီမှ ဦးစိုးညွန့်မိသားစုနှင့်ကြာငါးခိုင်သက်န်းတိုက်မှ သီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး-ဒေါ်နီလာရွှေ မိသားစုတို့က ငွေကျပ် ၃၅၀၀၀၀ စီနှင့် သမ္မတသင်္ကန်းတိုက်မှ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေတို့က ငွေကျပ် ၂၃၇၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များ ဖြစ်ကြသည့် ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်ခင်ရီမိသားစုက ငွေကျပ်နှစ်သိန်း၊ ကေသီပန် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး မိသားစုမှ သီရိသုဓမ္မမဏိဇောတဓရ ကေသီပန် ဦးလှမြင့်၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီး ဦးရွှေမြ၊ ဓမ္မဗျူဟာ သာသနာ့မာမက သင်တန်းကျောင်း၊ သိမ်ကြီးဈေး ဓမ္မာရုံ၊ မင်္ဂလာဈေး ဓမ္မာရုံ၊ ကေအင်န်ကုမ္ပဏီမှ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်းမိသားစု ၊ မှန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှဌေး၊ ဝင်းရတနာ ခရီးသွားပို့ဆောင်ရေးမှ သုဓမ္မမဏိဇောတဓရ ဦးတင်အောင်၊ ထက်လင်း ဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ ဂရိတ်ဝေါ ကုမ္ပဏီမှ ဦးမောင်မောင်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့်၊ လူပုံတော်ပတ္တမြားဆေးတိုက်မှ ဦးဝေလွင်၊ အေးကမ္ဘာ ကုန်စည်ပို့ဆောင်ရေးမှ ဦးတင်ဦးနှင့် မြန်မာနိုင်ငံ ဇိဝဌာယီအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိမ်းတို့က ငွေကျပ်တစ်သိန်းခွဲစီ အပါအဝင် အလှူရှင် ၂၅ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၅၅၁၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုး၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က အသီးသီးလက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် သဘာပတိဆရာတော်က ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပရာ လစ်လပ်သွားသော တိုင်းသံဃနာယက အဖွဲ့ဝင်ဆရာတော်များ၏ နေရာများအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အစားထိုးရွေးချယ်တော်မူကြပြီး သဘာပတိဆရာတော်က အစားထိုးရွေးချယ်သည့် တိုင်းသံဃနာယက ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တိုင်းသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းကာ သာဓုသုံးကြိမ်ခေါ်ဆို၍ အတည်ပြုပေးတော်မူကြသည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေး မစတင်မီ ရှေးဦးစွာ နံနက် ၉ နာရီတွင် တိုင်းသံဃနာယကအဖွဲ့ အဖွဲ့ဝင်ဦးရေ၏ ၂၅ရာခိုင်နှုန်း အနားယူခြင်း ကိစ္စရပ်များကို အစားထိုးရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များက ဆောင်ရွက်တော်မူကြသည်။ **(သတင်းစဉ်)**

လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ နိကာယပုဇ္ဇောတကသမိတိ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ငွေရတုပဒေသာပင်၊ စာအောင်ဆုနှင်းပဒေသာပင်၊ ဆွမ်းပဒေသာပင်များအတွက် ဒဂုံမြို့နယ် နဝဒေးလမ်းတိုက်-၂၄ (ဘီ)အခန်း(စီ/၃)နေ မိခင်ကြီး ဒေါ်ဝန်တုန်ရင်(ခ)ဒေါ်ကျင်ယုံအား အမှူးထား၍ သား၊သမီး၊ မြေး၊ မြစ်တစ်စုတို့က အလှူငွေကျပ်လေးသိန်းကို ပဉ္စနိကာယကျောင်းတိုက်မှ ဥဘာတောဝိဘင်္ဂရေ အရှင်နန္ဒိယ(မကွေး)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ တပို့တွဲလကွယ်နေ့ (ဥပုသ်နေ့)
၁၅-၂-၂၀၀၇ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၅ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်း လျှင်မမူးနဲ့"** (လူမင်း၊ သူသူဟံသာ၊အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)
၁၇:၃၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ Discovery
၁၉:၀၅ ၁၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (ရိုးရာအသွင်ဆန်း ကျေးလက်ရက်ကန်း)
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၂)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၁၂)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်ရန် စင်ကာပူကုမ္ပဏီ ကမ္ဘောဒီးယား၌ ရင်းနှီးမြှုပ်နှံမည်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၄

ကမ္ဘောဒီးယားနိုင်ငံ ပါဆက်ပြည်နယ်၌ စင်ကာပူကုမ္ပဏီတစ်ခုက ခြံစည်းရိုးကြက်ဆူဆီ စိုက်ပျိုးထုတ်လုပ်သွားရေး ရင်းနှီးမြှုပ်နှံရန် ကမ္ဘောဒီးယားအစိုးရက သဘောတူ လက်မှတ်ရေးထိုးလိုက်ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်၌ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ပါဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ချေးဆာရက်နှင့် စင်ကာပူကြက်ဆူဆီစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ ဗန်ဒါဟော့စ်ကိုယ်စားလှယ် ပီတာချန်းတို့သည် ဖေဖော်ဝါရီ ၇ ရက်က အဆိုပါ ပြည်နယ်ခန်းမ၌ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ပင်ဟွန်းက ဆင်ဟွာသို့ ပြောကြားသည်။

နည်းပညာ

အဆိုပါ စင်ကာပူ ကုမ္ပဏီက ကမ္ဘောဒီးယား ပါဆက်ပြည်နယ် ဒေသခံများအား ကြက်ဆူစေ့နှင့် စိုက်ပျိုးနည်းပညာများ ပေးမည်ဖြစ်ကြောင်း၊ ယင်းကြက်ဆူမျိုးသည် သန့်စင်ပြီး မျိုးကောင်းမျိုးသန့် ကြက်ဆူမျိုးဖြစ်ကြောင်း၊ ထွက်ရှိလာသော ကြက်ဆူစေ့ကို စင်ကာပူကုမ္ပဏီက ကာလပေါက်ဈေးဖြင့် ပြန်ဝယ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စီစဉ်ထား

ထို့အပြင် စင်ကာပူကုမ္ပဏီက ယင်းပြည်နယ်၌ကြက်ဆူဆီထုတ်လုပ်ရေး စက်ရုံတစ်ရုံလည်း တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ပီတာချန်းက ကမ္ဘောဒီးယား ပြည်နယ်အုပ်ချုပ်ရေးမှူးကို ပြောကြားသည်။

ပါဝင်

စင်ကာပူ၌ ကြက်ဆူဆီထုတ်လုပ်ရေးစက်ရုံကြီးတစ်ရုံ တည်ထားသော စင်ကာပူကုမ္ပဏီသည် အာရှနိုင်ငံအတော်များများတွင် ကြက်ဆူဆီ စိုက်ပျိုးထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံထားသည်။ ယင်းနိုင်ငံများတွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေစွမ်းအင်အသုံးပြုစက်

ဗြိတိန်နိုင်ငံ စတားလင်းမြို့အနီး ဘရေ့အိုဒွန်း လေစွမ်းအင်အသုံးပြုသည့်စက်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေအားလျှပ်စစ် အများဆုံးထုတ်လုပ်သည့်နိုင်ငံများ၌ ဗြိတိန်ပါဝင်

လန်ဒန် ဖေဖော်ဝါရီ ၁၄

ဗြိတိန်နိုင်ငံသည် လေအားလျှပ်စစ် မဂ္ဂါဝပ် ၂၀၀၀ ကျော် ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာပေါ်တွင် လေအားလျှပ်စစ် အများဆုံးထုတ်လုပ်သည့် နိုင်ငံများစာရင်းတွင် ပါဝင်သည်။ ဖေဖော်ဝါရီ ၉ ရက်က လေအားလျှပ်စစ်များ စတင်ထုတ်လုပ်လိုက်ခြင်းဖြင့် လေအားလျှပ်စစ် အများဆုံးထုတ်သည့်စာရင်းတွင် သတ္တမနေရာတွင် ရောက်ရှိသွားသည်။

စတားလင်းအနီး ဘရေ့အိုဒွန်း လေအားအသုံးပြုစက်က လျှပ်စစ်များ ဖေဖော်ဝါရီ ၉ ရက်၌ စတင်ထုတ်ပေးခြင်းမှာ ဗြိတိန်နိုင်ငံ လေအားအသုံးပြုလုပ်ငန်းတွင် ကြီးမားသည့် သမိုင်းမှတ်တိုင်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး အလီစတိုင်းယားဒါလင်က ပြောကြားလိုက်သည်။

ကမ္ဘာပေါ်၌ ထိပ်တန်း လေစွမ်းအင်အသုံးပြုသည့် နိုင်ငံများမှာ ဂျာမနီ၊ စပိန်၊ အမေရိကန်၊ အိန္ဒိယ၊ ဒိန်းမတ်၊ အီတလီ၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့ ဖြစ်ကြောင်းသိရသည်။

ဗြိတိန်အစိုးရသည် ၂၀၁၀ ပြည့်နှစ် အရောက်တွင် လျှပ်စစ်ဓာတ်အား ၁၀ ရာခိုင်နှုန်းကို အစားထိုးလောင်စာမှ ထုတ်ယူရန် ရည်မှန်းထားသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဇီယာလေဆိပ်တွင် ခရီးသည်များ စောင့်ဆိုင်းနေကြသည်ကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခရီးသည်တင်လေယာဉ် ဘီးကျွတ်ထွက် ဘင်္ဂလားဒေ့ရှ် ဇီယာလေဆိပ် ခေတ္တပိတ်ခဲ့ရ

ဒါကာ ဖေဖော်ဝါရီ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဓိက နိုင်ငံတကာလေဆိပ်ဖြစ်သည့် ဇီယာလေဆိပ်တွင် ဖေဖော်ဝါရီ ၁၁ရက်က ဘိုရင်း ၇၄၇ ခရီးသည်လေယာဉ်တစ်စင်း ပျံတက်စဉ် လေယာဉ်ဘီးများ ကျွတ်ထွက်ပျက်စီးခဲ့သဖြင့် အဆိုပါလေဆိပ်ကို ပိတ်ထားခဲ့ရကြောင်း ဒါကာမြို့ ဇီယာလေဆိပ်မှ အရာရှိများက ပြောကြားသည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၄၀၀ခန့်ရှိနေရာ ၎င်းခရီးသည်များကို လေယာဉ်ပေါ်မှ အမြန်ဆင်းခိုင်းကာ လေဆိပ်အဆောက်အအုံအတွင်း ပြန်လည်နေထိုင်စေခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ လေယာဉ်ဘီးများ ကျွတ်ထွက်ပျက်စီးခဲ့သော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ဇီယာလေဆိပ် လုံခြုံရေးမှ အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်ရှိ ကန်စစ်အခြေစိုက်စခန်းအနီး ပေါက်ကွဲမှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၁၄

ဂျပန်နိုင်ငံရှိ အမေရိကန်စစ် အခြေစိုက်စခန်းအနီး၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုကို သတင်းမရရှိသေးကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဖေဖော်ဝါရီ ၁၃ ရက်၌ ပြောကြားသည်။

စုံစမ်းစစ်ဆေး

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ တိုကျိုမြို့အနောက်တောင်ဘက် မီတာ ၃၀၀ အကွာ အမေရိကန်စစ်အခြေစိုက်စခန်း အနီးဝန်းကျင်၌ မသင်္ကာဖွယ်ရာ အပိုင်းအစနှစ်ခုကို တွေ့ရှိကြောင်း၊ ယင်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကန်စစ်အခြေစိုက်စခန်းဝန်းကျင်၌ ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့သည်။ အမေရိကန် စစ်အခြေစိုက်စခန်းသည် တိုကျိုမြို့ အနောက်တောင်ဘက် ၂၅ မိုင်အကွာ၌ တည်ရှိသည်။

ပေါက်ကွဲ

ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေးမှုအရ အဆိုပါပေါက်ကွဲမှုသည် မသင်္ကာဖွယ်ရာ ၎င်းအပိုင်းအစများမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ကျိုဒို သတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်ဆာရောဂါဖြစ်ပွားမှု မျိုးရိုးဗီဇနှင့်ဆက်စပ်နေ

လန်ဒန် ဖေဖော်ဝါရီ ၁၄

ကင်ဆာရောဂါဖြစ်ပွားမှုများသည် လူတို့၏ မျိုးရိုးဗီဇနှင့်ဆက်နွှယ်လျက်ရှိကြောင်း လန်ဒန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကင်ဆာရောဂါ ဖြစ်ပွားသူ လူ ၄၀၀၀ကျော်အား စနစ်တကျ သုတေသနပြုခဲ့ရာ မိဘများတွင် ကင်ဆာရောဂါဖြစ်ပွားမှုရှိခဲ့သော သူများ၌ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ပိုမိုများပြားကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပြောကြား

ကင်ဆာရောဂါ ဖြစ်ပွားသူများ၏ ၅၅ရာခိုင်နှုန်းသည် အဘိုး၊ အဘွားနှင့် မိဘများတွင် ကင်ဆာဖြစ်ပွားခဲ့သည့် သူများဖြစ်နေကြကြောင်း တွေ့ရှိရသည်ဟုလည်း လန်ဒန်သုတေသနပညာရှင်များက ပြောကြားသည်။

ပြုလုပ်သင့်

ထိုသို့သော မျိုးရိုးရှိသူများအနေဖြင့် ကင်ဆာဖြစ်ပွားမှုကို ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ကြပြီး နေထိုင် စားသောက်မှုနှင့် ကိုယ်လက်ကျန်းမာရေး လှုပ်ရှားမှုများကိုလည်း နေ့စဉ်ပုံမှန် ပြုလုပ်သင့်ကြကြောင်း သုတေသန အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဝီလ်ဒေါ့မက်ချ်က ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်း၊ ကိုးဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က နေအိမ်များပြိုလဲကျခဲ့ရာ **(အောက်ပုံ)** လူကိုးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အေပီပီသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကာ မိုးသက်လေပြင်းများ စတင်တိုက်ခတ်လျက်ရှိသဖြင့် ပါကစ္စတန်နိုင်ငံ အစိတ်အပိုင်း အများအပြားတွင် ရေဘေးဒုက္ခ ခံစားခဲ့ကြရကြောင်း သိရသည်။

ထိုသို့မိုးသက်လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်အများအပြားအမိုးများ ပွင့်ထွက်ခဲ့ရပြီး ဘေးကင်းရာတွင် ခိုလှုံနေခဲ့ကြရသည်။ ထို့အတူ နေအိမ်အများအပြား ပြိုလဲပြီး ပွင့်ထွက်လာသော အမိုးများကြောင့် လူသေဆုံးမှုများလည်း ရှိခဲ့ကြောင်း အဆိုပါ အေပီပီသတင်း၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့အသက်အကြီးဆုံး အဘွားအိုကွယ်လွန်

လူဆာကာ ဖေဖော်ဝါရီ ၁၄

ဇမ်ဘီယာနိုင်ငံ၏ အသက်အကြီးဆုံး အဘွားအိုတစ်ဦးသည် အသက် (၁၃၈)နှစ်တွင် ဇမ်ဘီယာ အရှေ့ပိုင်း ပြည်နယ်တစ်ခု ဖြစ်သည့် ပီတော့ ကေ၌ ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း ဇမ်ဘီယာ နေ့စဉ်သတင်းစာက ဖေဖော်ဝါရီ ၁၁ရက်တွင် ဖော်ပြသည်။

အဆိုပါ အဘွား၏အမည်မှာ အဘီလီစီဇူလုဖြစ်ပြီး ၎င်းပြည်နယ်ရှိ ကျေးရွာနေအိမ်၌ ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟု ယင်းသတင်းစာ၌ ဖော်ပြသည်။

ဇူလုသည် သားသမီး သုံးဦးရှိသည်။ တစ်ဦးသာကျန်ပြီး အသက် (၈၀)ကျော်ရှိပြီဖြစ်ကြောင်း၊ မြေး ၁၅၀ ကျော်ရှိကြောင်း၊ သို့ရာတွင် မွေးသက္ကရာဇ်ဇာတာချုပ် မရှိကြောင်း သိရသည်။

အဆိုပါ အဘွား ဇူလုသည် ကမ္ဘာ့ အကြီးဆုံး ဂင်းနက်စ်မှတ်တမ်းမဝင်ဘဲ သေဆုံးခဲ့ရကြောင်း မြေးဖြစ်သူ ဂျာဆက်ချန်ဂါက ပြောကြားသည်။

ကနေဒါနိုင်ငံမှ ဂျူလီဝင်းနီဖရက်ဘားထရန်းသည် ကမ္ဘာ့ အသက်အကြီးဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။ သူမသည် အသက်(၁၁၅)နှစ်တွင် လွန်ခဲ့သောလက ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်ဆိုင်ရာ မူဝါဒသဘောထား ဘုရှ်၏ညံ့ဖျင်းမှုကိုဖော်ပြနေကြောင်း ဟီလာရီဝေဖန်ပြောကြား

ဘာလင် ဖေဖော်ဝါရီ ၁၄

အီရတ်ဆိုင်ရာ မူဝါဒသဘောထားမှာ အမေရိကန်သမ္မတဘုရှ်၏ ညံ့ဖျင်းမှုကိုဖော်ပြနေကြောင်းဖြင့် အမေရိကန် အထက်လွှတ်တော်အမတ်နှင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ပါဝင်ယှဉ်ပြိုင်မည့် ဟီလာရီ ကလင်တန်က ဖေဖော်ဝါရီ ၁၀ ရက်၌ ဝေဖန်ပြောကြားလိုက်သည်။

ဆန့်ကျင်

သို့သော် ဟီလာရီကလင်တန်ကိုယ်တိုင် အီရတ်စစ်ပွဲကို ထောက်ခံမဲပေးခဲ့မှုအတွက် ရှင်းလင်းရန် ဖိအားပေးခံနေရသူဖြစ်သည်။ ဟီလာရီသည် အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀၀ ထပ်မံစေလွှတ်ရေး အစီအစဉ်ကိုမူ ဆန့်ကျင်သူဖြစ်သည်။

ပြောကြား

နယူးဟမ်ရှိုင်းယား ပြည်နယ်သို့ မဲဆွယ်ရန် ရောက်ရှိလာသည့် ခရီးအစတွင် အမေရိကန်ပြည်ထောင်စု အနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အရှေ့အလယ်ပိုင်း ပြဿနာဖြေရှင်းရေးတွင် သံတမန်ရေးချဉ်းကပ်မှု အသစ်ချမှတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ လေတပ်စခန်း၌ ကျင်းပသော လေကြောင်းပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမျိုးသမီးများ နှလုံးရောဂါဖြစ်မှု ၁၀-နှစ် ကြိုတင်ဟောကိန်းထုတ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၄

အမျိုးသမီးများ နှလုံးရောဂါဖြစ်မည့်အန္တရာယ်ကို ပိုမိုတိကျစွာ ကြိုတင်ဟောကိန်းထုတ်နိုင်သည့် နည်းလမ်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားပြီဟု သိရသည်။

လောလောဆယ် ကြိုတင်ဟော ကိန်းထုတ်သည့် နည်းများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က တွေ့သည့် နည်းများဖြစ်သဖြင့် တစ်ခါတစ်ရံတွင် အဆုံးအဖြတ်မပေးနိုင်တော့ပေ။



အမျိုးသမီးများ၏ ခန္ဓာကိုယ်တွင်းရှိနှလုံးပုံ

ပြောကြား

အသက်အရွယ်၊ သွေးတိုးနှုန်း၊ ကိုလက်စထရောပါဝင်မှုအဆင့်၊ ဆေး လိပ်သောက်ခြင်းကဲ့သို့သော သမားရိုးကျ ရောဂါဖြစ်စေနိုင်သည့် အကြောင်းအရင်းများအပြင် သိပ္ပံပညာရှင်များက အသက် ၆၀ အတွင်း မိဘများအနေဖြင့် နှလုံးရောဂါ ဖြစ်ဖူးခြင်းရှိမရှိ စီ-ပရိုတိန်အဆင့်စသော အကြောင်းအရင်းများကိုပါ ထည့်သွင်းစဉ်းစားကြသည် ဆို၏။

ထို့ကြောင့် အမျိုးသမီးများအနေဖြင့် နှလုံးရောဂါ ဖြစ်နိုင်ကြောင်း ၁၀-နှစ်ကြိုတင် ဟောကိန်းထုတ်နိုင်ရန် ဦးတည်ကြောင်း အမေရိကန်သိပ္ပံပညာရှင် များက ပြောကြားသည်။ (အင်တာနက်)

တရုတ်ပြည် မဟာတံတိုင်းကြီးကို အသေးစိတ်တိုင်းတာမည်

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်ပြည် မဟာတံတိုင်းကြီး မည်မျှရှည်ကြောင်း အခိုင်အမာသက်သေထူရန်အတွက် သုတေသီများက မဟာတံတိုင်းကြီးကို ပထမဆုံး အသေးစိတ် တိုင်းတာတော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ကြေညာသည်။

မေလတွင်စတင်မည့် လေးနှစ်ကြာ လေ့လာမှုကို သုတေသီများက တံတိုင်းကြီး၏ အတိုင်းအတာများကို စစ်ဆေးခြင်းနှင့်အတူ တံတိုင်းကြီး၏ တိကျသော လမ်းကြောင်းကို မြေပုံဆွဲမည်ဖြစ်သည်။

ထို့ပြင် တရုတ် အင်ပါယာကြီးကို မြောက်ပိုင်းမှ လာရောက်မနှောင့်ယှက်နိုင်အောင် တည်ဆောက်သည့် မဟာတံတိုင်းကြီး၏ အခြေအနေအရပ်ရပ်ကိုလည်း သုတေသီများက စစ်ဆေးကြမည် ဖြစ်ပါသည်။

ခန့်မှန်း

ကမ္ဘာပေါ်တွင် ရှည်လျားဆုံးဖြစ်သည့် ဤမဟာတံတိုင်းကြီးမှာ အရှည်ကီလိုမီတာ ၅၀၀၀ (မိုင် ၃၁၀၀ ကျော်)ရှိသည်ဟု ခန့်မှန်းထားသည်။

တည်ဆောက်

တရုတ်ပြည် မဟာတံတိုင်းကြီးမှာ တံတိုင်းများကို အပိုင်းလိုက် ဆက်ထားခြင်းဖြစ်ပြီး အရှေ့ပိုင်းကို ဘီစီ ၅၀၀စုက စတင်တည်ဆောက်ပြီး ဘီစီ ၂၂၀ခန့်ကင်ရှီဟွမ်လက်ထက်တွင် ကျန်အပိုင်းကို ဆက်လက်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟုသိရသည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံး ဟော့ပေါ့အိုး

ကမ္ဘာ့အကြီးဆုံး ဟော့ပေါ့အိုးတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချန်ဒူမြို့တွင် လူပေါင်း ၃၀ တစ်ပြိုင်နက်တည်း စားသောက်၍ ရသော ဟော့ပေါ့အိုးကြီးတစ်ခုကို ပြုလုပ်ပြသခဲ့ရာ ၎င်းဟော့ပေါ့အိုးကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဟော့ပေါ့အိုးတစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆော်ဒီအာရေဗျအတွက် ဂြိုဟ်တုခြောက်လုံး ရုရှား လွှတ်တင်ပေးမည်

ရီးယာ့စ် ဖေဖော်ဝါရီ ၁၄

ရုရှားနိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံအတွက် ဆော်ဒီလုပ်ဆက်သွယ်ရေး ဂြိုဟ်တုခြောက်လုံးကို ယခုနှစ်တွင် လွှတ်တင်ပေးမည်ဖြစ်ကြောင်း နှစ်နိုင်ငံတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၂ ရက်၌ ပြောကြားလိုက်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ကမ္ဘာ့ရေနံထုတ်လုပ်သည့် ထိပ်တန်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး မြှင့်တင်ရန်သွားရောက်ခဲ့စဉ်အတွင်း ရီးယော့စ် မြို့၌ ဆော်ဒီစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအပြီး အဆိုပါ အစီအစဉ်ကို ကြေညာခဲ့သည်။

ပြောကြား

ဆော်ဒီလုပ် အဆိုပါဂြိုဟ်တုများကို ယခုနှစ် ပထမနှစ်ဝက်တွင် လွှတ်တင် မည်ဖြစ်ကြောင်း၊ ဆော်ဒီတာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ယင်းတို့ အနက်မှ ငါးခုမှာ ဆက်သွယ်ရေး ဂြိုဟ်တုများဖြစ်ကြောင်း၊ တစ်ခုမှာ အတိအကျ မသိရသေးကြောင်း ၎င်းက ပြောကြားသည်။

ဆက်သွယ်

ဆော်ဒီအာရေဗျ နိုင်ငံသည် မီဒီယာနှင့် ဆက်သွယ်ရေးဂြိုဟ်တုများ ရှိထားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

တရုတ်၏ အကြီးဆုံးကုန်သွယ်ဖက် အိန္ဒိယနိုင်ငံ ပါဝင်လာ

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံတို့သည် ကုန်သွယ်မှုတိုးမြှင့်ခဲ့ရာ ပြီးခဲ့သည့် ဇန်နဝါရီက နှစ်နိုင်ငံကြား ကုန်သွယ်မှု ၆၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ၂ ဒသမ ၆၃ ဘီလီယံအထိရှိခဲ့သဖြင့် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏ နိုင်ငံအလိုက် အကြီးမားဆုံး ၁၀ နိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း တရုတ်နိုင်ငံအစိုးရ၏ စာရင်းဇယားများ၌ ဖော်ပြသည်။

ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည်လည်း တရုတ်နိုင်ငံ ၏ ထိပ်တန်းကုန်သွယ်ဖက်သုံးနိုင်ငံ ဖြစ်သည်။ အပြန်အလှန်ကုန်သွယ်မှု ပမာဏမှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၆ ဘီလီယံ၊ အမေရိကန်နှင့် အမေရိကန်ဒေါ်လာ၂၃ ဒသမ ၄၃ ဘီလီယံနှင့် ဂျပန်နိုင်ငံနှင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၁ ဘီလီယံတို့ဖြစ်သည်။

ထို့အတူ ကနေဒါနိုင်ငံနှင့် တရုတ်တို့၏ ကုန်သွယ်မှုပမာဏမှာ ပြီးခဲ့သည့် ဇန်နဝါရီလက အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံအထိ ရှိခဲ့သည်။

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄ ဒသမ၉၆ ဘီလီယံအထိရှိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စွမ်းရည်ပြနေသောဆိတ်

အံ့သြဖွယ်ရာ စွမ်းရည်ပြနေသော ဆိတ်တစ်ကောင်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ နန်နင်းမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ကျောပေါ်၌ မျောက်တစ်ကောင်ကို တင်ကာ ကြိုးတန်းပေါ် လမ်းလျှောက်ပြခြင်းနှင့် ကြိုးတန်းပေါ်ရှိ ခြေနင်းခုံတစ်ခုအပေါ် မတ်တပ်ရပ်ပြနိုင်ခြင်း စွမ်းရည်များကို ဆိတ်တစ်ကောင်က ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကျေးလက်လူမှုစီးပွားဘဝမြင့်မားမှုမှသည် နိုင်ငံဖွံ့ဖြိုးမှုအထောက်အကူပြု ညောင်ရွှေမြို့နယ် အင်းလေးကန် ဟဲယားရွာမမှ ပန်းထိမ်လုပ်ငန်း

ပြည်တွင်းပြည်ပခရီးသွားများ သဘောကျနှစ်ခြိုက်ဝယ်ယူအားပေးလျက်ရှိ

ကွင်းဆင်းလေ့လာရေးသားသူ—ကျော်စိန်
ဓာတ်ပုံမှတ်တမ်း—အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရွာကြီးလေးရွာကို အခြေပြု၍ အင်းလေးကန်ဟု အမည်တွင်သော တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်မှာ မြန်မာနိုင်ငံ ပြည်တွင်းသာမက ကမ္ဘာတွင်ပါ သတင်းမွှေးလျက်ရှိသည်။ ယင်းသို့သတင်းမွှေးခြင်းမှာလည်း မြင်နေတွေ့နေသော မြင်ကွင်းထက် ထူးခြားသော မြင်ကွင်းများကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ရိုးရာ ပန်းထိမ်လုပ်ငန်းကို ပျောက်ကွယ်သွားခြင်းမရှိစေအောင် ထိန်းသိမ်းခြင်းလည်းဖြစ်ပါတယ်။
ဦးစံလင်း
စိန်သမာဓိပန်းထိမ်လုပ်ငန်း
ဟဲယားရွာမ
ဓာတ်ပုံမှတ်တမ်း—အောင်သန်း
(မင်္ဂလာတောင်ညွန့်)

အင်းလေးဝန်းကျင်

အင်းလေးကန်ဝန်းကျင်တွင် နေထိုင်ကြသော အင်းသားအင်းသူများမှာ ရိုးသား ကြိုးစားကြသူများဖြစ်ကြသည်။ ရွာအလိုက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ရွာအလိုက် ရက်ကန်းလုပ်ငန်း လုပ်ကြခြင်း၊ ပန်းပဲလုပ်ငန်း လုပ်ကိုင်ကြခြင်း၊ ပန်းထိမ်လုပ်ငန်း လုပ်ကြခြင်း၊ လက်သမားလုပ်ငန်း လုပ်ကြခြင်း၊ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း စသည်ဖြင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်ကြသည်။

ဓာတ်ပုံရိုက်ပြိုင်ပွဲဝင်

အင်းလေးကန်တွင် လှေကိုခြေနှင့်လှော်ပြီး ငါးဖမ်း၊ ငါးမျှားခြင်းလုပ်ကိုင်နေကြသော တံငါလုပ်ငန်း လုပ်ကိုင်ကြသူများလည်း ရှိသည့်အလျောက် ကမ္ဘာလှည့်ခရီးသည်များ၊ ဓာတ်ပုံဝါသနာရှင်များက ဓာတ်ပုံရိုက်ရန်နှင့် ဓာတ်ပုံပြိုင်ပွဲ ဝင်ခဲ့ကြသည်။

ပန်းထိမ်လုပ်ငန်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် အင်းလေးကန်သို့ သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့ရာ ဟဲယားရွာမရှိ စိန်သမာဓိပန်းထိမ်လုပ်ငန်းကို တွေ့ရှိသဖြင့် ဝင်ရောက်လေ့လာကြသည်။ စိန်သမာဓိပန်းထိမ်လုပ်ငန်းမှာ မိဘ ဘိုးဘွားများလက်ထက်ကပင် တည်ထောင်ထားခဲ့ပြီး ငွေပန်းထိမ်လုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်းများကို ပီပီပြင်ပြင် အခြေပြုလုပ်ကိုင်နေကြသည်ကို တွေ့ခဲ့ရသည်။

လုပ်ငန်းတိုးတက်ခဲ့

ဟဲယားရွာမရွာကြီးရှိ ပန်းထိမ်လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းပိုင်ရှင် ဦးစံလင်းအား တွေ့ဆုံမေးမြန်းရာ ပန်းထိမ်လုပ်ငန်းကို မိဘဘိုးဘွားများလက်ထက်က စတင်လုပ်ခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၆ ခု မြန်မာ့ခရီးသွားနှစ်တွင် စတင်ပြီး ငွေထည်လုပ်ငန်းကို စတင် တည်ထောင်လုပ်ခဲ့ကြကြောင်း၊ စလုပ်စဉ်က ပြည်သူများနှင့် နိုင်ငံခြားသားများအကြိုက်ကိုမသိဘဲ စမ်းတဝါးဝါးလုပ်ခဲ့ကြကြောင်း၊ လုပ်ငန်းလုပ်ပြီး

ငွေပန်းထိမ် လုပ်ငန်း

လက်မှု ပညာ ငွေပန်းထိမ် လုပ်ငန်းကို ဤသို့ လုပ်ဆောင်ကြရသည်။
ဓာတ်ပုံမှတ်တမ်း—
အောင်သန်း
(မင်္ဂလာ
တောင်ညွန့်)

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ခြောက်လခန့် ကြာသောအခါတွင် လာရောက် လေ့လာကြည့်ရှုသူများ၊ နိုင်ငံခြားသားများ၏ အကြံပေးမှု၊ ကြိုက်နှစ်သက်မှုတို့ကို လေ့လာသိရှိပြီး လုပ်ငန်းအစကထက် တစ်စထက်တစ်စ တိုးတက်လာခဲ့ကြောင်း။

ပန်းထိမ်ပညာ

လုပ်ငန်းစတင်စဉ်က အလုပ်သမား သုံးလေးဦးတို့ဖြင့် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် မိမိတို့ရိုးရာ ပန်းထိမ်လုပ်ငန်းကို ပျောက်ကွယ်သွားခြင်းမရှိစေဘဲ တိုးတက်ထွန်းကားလာစေရန် ရည်သန်ပြီး တက္ကသိုလ်ဝင်တန်း အောင်ပြီးလူငယ်၊ တက္ကသိုလ်ဝင်တန်း မအောင်သေးဘဲ အလုပ်လုပ်လိုသော လူငယ်များအား ပန်းထိမ်ပညာကို တတ်မြောက်အောင် သင်ကြားပေးခဲ့ကြောင်း။

ပန်းထိမ်ပညာသင် စတင်စဉ်က ငွေပန်းထိမ်ပညာကို လေ့ကျင့်သင်ကြားပေးကြောင်း၊ အဘယ့်ကြောင့်ဆိုလျှင် ရွှေမှာ တန်ဖိုးကြီးသောကြောင့် ရွှေဖြင့် သင်ကြားပေးသည့်အစား ရွှေနှင့်ငွေသာကွာပြီး လုပ်ကိုင်ရသော နည်းပညာတူသော ငွေထည်လုပ်ငန်းများကို သင်ကြားပေးကြောင်း၊ ငွေထည်လုပ်ငန်းကျွမ်းကျင်တတ်မြောက်ပြီးမှ ရွှေပန်းထိမ်လုပ်ငန်းကို လုပ်ကိုင်စေကြောင်း။

ထောက်ပံ့ငွေ

ပညာသင်ကာလတွင် စားသောက်ရေးအတွက် ထောက်ပံ့ပေးပြီး လုပ်ငန်းတတ်မြောက်သည်မှစ၍ ပညာအဆင့်အတန်းအလိုက် နေ့စားလုပ်ခ၊ လခစားလုပ်ခငွေများ ပေးခဲ့ကြောင်း၊ မိမိတို့ ပန်းထိမ်လုပ်ငန်းတွင် အင်းသူအင်းသားများသာမက ပုဂံစသော အနုပညာလုပ်ငန်း ခင်တွယ်သော ဒေသများမှ လူငယ် ၁၂ ဦးကိုလည်း ပညာသင်ပေးခဲ့ကြောင်း၊ ပညာတတ်မြောက် ကျွမ်းကျင်သူများသည် မိမိတို့အလုပ်တွင် ဆက်လက်လုပ်ကိုင်လိုလျှင် လုပ်ကိုင်ခွင့်ပေး၍ မလုပ်လိုဘဲ ၎င်းတို့နှစ်သက်ရာ ဌာနတွင် လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ တစ်သက်လုံး မိမိတို့လုပ်ငန်းတွင်လုပ်ရမည်ဟု ချုပ်ချယ်မထားကြောင်း၊ မိမိတို့အလုပ်မှ ပညာသင်ကြား တတ်မြောက်သူ လေးငါးဆယ်ခန့်ရှိကြောင်း၊ ယခုကဲ့သို့ ပညာသင် ပွားပေးရတာကို ပီတိဖြစ်ရကြောင်း။

ဟဲယားရွာမ ရွာကြီးတွင် မိမိတို့ကဲ့သို့ လုပ်ငန်းကြီးလုပ်ကိုင်သူ လေးငါးခုလောက်ရှိပြီး တစ်ရွာလုံး ဟဲယားရွာမအိမ်များတွင်လည်း တစ်အိမ်ချင်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်၍ ရောင်းချစားသောက်သူများလည်း ရှိကြောင်း၊ ထိုသို့ အိမ်တွင်းမှုလုပ်ငန်း လုပ်ကိုင်စားသောက်သူများ၏ ပစ္စည်းများကို ဈေးနေ့များတွင်ဝယ်လိုသော ပြည်တွင်းဧည့်သည်၊ ပြည်ပဧည့်သည်များအား ရောင်းချ၍ စီးပွားရှာကြကြောင်း။

ဒီဇိုင်းပုံစံ

မိမိတို့ပန်းထိမ်လုပ်ငန်းတွင် ဒီဇိုင်းပုံစံသစ်များကို တီထွင်လုပ်ကိုင်ခြင်းလည်းရှိပြီး အခြား ကောင်းမွန်သော ပန်းထိမ်လုပ်ငန်းများမှ ဒီဇိုင်းပုံစံများကိုလည်း နမူနာယူပြီး ပိုမိုကောင်းသည်ထက် ကောင်းအောင် လုပ်ကိုင်ရောင်းချကြောင်း။

တန်ဖိုးထား

ငွေထည်၊ ရွှေထည်များကို ရွှေငွေနှင့်သာမက ကျောက်များကိုသွေး၍ လုပသော ရွှေထည်ငွေထည် လက်ဝတ်လက်စားများ ပြုလုပ်ရောင်းချကြောင်း၊ နိုင်ငံခြားသား ဧည့်သည်များသည် လာရောက်လေ့လာခြင်း၊ အမှတ်တရဝယ်ယူခြင်းလည်းရှိကြောင်း၊ ၎င်းတို့နိုင်ငံများတွင် စက်မှုပညာဖြင့် လုပ်ကိုင်ခြင်းသာရှိ၍ မိမိတို့နိုင်ငံ၌ လက်မှုပညာအဖြစ် လုပ်ကိုင်ကြသည်ကို နှစ်ခြိုက်သဘောကျကြောင်း၊ လက်မှုပညာဖြင့်လုပ်သည်ကို စက်မှုဖြင့် လုပ်ခြင်းထက် တန်ဖိုးထား မြတ်နိုးကြကြောင်း။

ကျောက်မျက်များမှာ အဖိုးတန်ကျောက်မျက်များ မဟုတ်ဘဲ ပယ်ကျောက်မျက်များကိုနည်းပညာဖြင့်လုပအရောင်ထွက်အောင်လုပ်ပြီး ရွှေ၊ငွေနှင့်ကွပ်၍ လုပ်ပေးသောကြောင့် တန်ဖိုးမှာလည်း များများမကျကြောင်း၊ ရောင်းသည့်အခါတွင်လည်း ထိုကျောက်မျက်များသည် မည်သို့သော အမျိုးအစားဖြစ်သည်ကို ရှင်းလင်းပြောပြပြီးမှ ရောင်းချခြင်းဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။



လက်ဝတ် ရတနာ

တန်ဖိုးနည်း ကျောက် မျက် များ နှင့် ငွေပန်းထိမ် ဖြင့် အလှဆင်ထားသော လက်ဝတ် ရတနာ များကို ဤသို့တွေ့ ရသည်။
ဓာတ်ပုံမှတ်တမ်း—
အောင်သန်း
(မင်္ဂလာ
တောင်ညွန့်)

ငွေခြင်းတောင်းများ

ရက်ကန်းခတ်သလို နီးရက်သလို လက်မှုပညာမြောက်စွာ ငွေဖြင့် ရက်လုပ်ထားသော ခြင်းတောင်းများ။
ဓာတ်ပုံမှတ်တမ်း—အောင်သန်း
(မင်္ဂလာတောင်ညွန့်)

အင်းလေးရှိ ရိုးရာငွေပန်းထိမ်လုပ်ငန်း၏ အနုပညာမြောက်မှုကို ကမ္ဘာလှည့်ခရီးသည်များ ဤသို့စိတ်ဝင်တစား ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။ ဓာတ်ပုံမှတ်တမ်း—အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဤကဲ့သို့ ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု တည်ထောင်ထုတ်လုပ်ခြင်းအားဖြင့် ကျေးလက် လူမှုစီးပွားရေးဘဝ ပိုမို တိုးတက်မြင့်မားလာပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကော့မှူးမြို့နယ် အမကကျောင်းများသို့ ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများအတွက် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် မကျီးကန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း စုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပညာရေးအထောက်အကူပြုလုပ်ငန်းများအတွက် စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊ ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက စာသင်ကျောင်းများသို့ စာရေးခုံများကို ပေးအပ်လှူဒါန်းရာ ကော့မှူးမြို့နယ်အတွင်းရှိ အမက ဘုရားအနီး၊ အမကဘောလုံးကွင်း၊ အမက သစ်ကြားကုန်း၊ အမက ခလောက်ခလိ၊ အမက ဥတို၊ အမက မျက်ဆံနီ၊ အမက မူလွန် ကျုံ့ဖြာ၊ အမက မကျီးကန်းတို့ မှ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများက ကော့မှူးမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ရှစ်ကျောင်းအတွက် ဗလာစာအုပ်များကို လှူဒါန်းပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

လက်ခံ

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီးမမြတ်လေး)တို့အား အမှူးထား၍ မြတ်လေးရဲ့ မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ခဲတံများနှင့် ရန်ကုန်မြို့ ကန်တော်ကြီး ပုလဲ ကျန်းမာရေး မိသားစုများက အဝတ်အထည်များကို လှူဒါန်းကြရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံကြပြီး အမှတ်(၃) အခြေခံပညာ ဦးစီးဌာနက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လက်ခံသည်။

ထို့နောက် ကော့မှူးမြို့နယ် ပညာရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကံ့ကော်ဆောင် ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ အမျိုးသမီးရေးရာကိစ္စများနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးအကြံပြုညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ပေးအပ်

ထို့နောက်အလှူရှင်JAZZYဗလာစာအုပ် မိသားစုက ပညာရေးအထောက်အကူပြုလုပ်ငန်းများအတွက် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းသည့်ဗလာစာအုပ် ၈၂ ဒါဇင်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းချိုက လက်ခံသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနက ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာများကို စုပေါင်းပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ကော့မှူးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာရေးခုံများကို ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ကြစဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)၏ မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ၁၇ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech မြက်ခင်းပြင်၌ကျင်းပမည်ဖြစ်ပြီး ၎င်းညစာစားပွဲတွင် ကွန်ပျူတာ IT, Internet နှင့် အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲများ၊ ကံစမ်းအစီအစဉ်များ ပါဝင်ပြီး MCPAနှစ်ပတ်လည် သတင်းလွှာထုတ်ဝေဖြန့်ချိသွားမည် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစားအသောက်(ယိုစုံ)များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မန္တလေးမြို့ ဈေးကွက်မှ ဝယ်ယူစိစစ်ခဲ့သော ယိုစုံများအနက် အောက်ဖော်ပြပါ ယိုစုံများမှာ အစားအသောက်တွင် သုံးခွင့်မပြုသော ဆိုးဆေး (Unpermitted Food Colour) များ အသုံးပြုထားကြောင်းနှင့် အဏုဇီဝ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါကြောင်း တွေ့ရှိရပါသဖြင့် စားသုံးရန်မသင့်သော ယိုစုံများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	နေရှိုင်း အမှတ်တံဆိပ် သဘော်ဆီးဖြူသီး	နေရှိုင်းမက်မန်းနှင့် စားသောက်ကုန်လုပ်ငန်း
၂။	တွမ်တီးအမှတ်တံဆိပ် မက်မန်းယို	Tun Family Product
၃။	တွမ်တီးအမှတ်တံဆိပ် မက်မန်းသီး	Tun Family Product
၄။	စားဖွယ်အမှတ်တံဆိပ် ဝှေးသီးစိတ်	Phone;02-65483 09 9061499
၅။	ဆုလာဘ်အမှတ်တံဆိပ် အစေ့လွတ်ဆီးယို	ဆုလာဘ်အဆင့်မြင့် သစ်သီးယိုစုံ
၆။	ရှင်းရီ အမှတ်တံဆိပ် မက်မန်းသီးစိတ်	ရှင်းရီမက်မန်းနှင့် သီးစုံ Mandalay,Product of Myanmar

၃။ ယိုစုံ အမှတ်တံဆိပ်များတွင် ယိုစုံအမျိုးအစား၊ ပါဝင်ပစ္စည်း၊ ထုပ်ပိုးမှုပမာဏ၊ ထုတ်လုပ်သူ အမည်နှင့် လိပ်စာ၊ထုတ်လုပ်ရက်စွဲအမှတ်အသားတို့ကို ဖော်ပြရန်လိုပါကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ဒို့ကျေးရွာဂျာနယ် အတွဲ ၄၊ အမှတ် ၄ ထွက်နေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သော တပို့တွဲလ၊ ကုံရာသီအခါသမယတွင် ပေါက်ပန်း၊ လဲပန်းနှင့် ဆူးပန်းတို့ပွင့်လန်းကြသည်။ သာယာလှပသော ရာသီအခါနှင့်အတူ ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာတို့ကို ဖော်ပြလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်အတွဲ ၄၊ အမှတ် ၄ ကို ဖေဖော်ဝါရီ ၁၅ ရက် **(ယနေ့)** ၌ ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဒို့ကျေးရွာတိုင်း သီးနှံတစ်မျိုးကုန်ထုတ်တိုးရန် ဝင်ငွေရ စားသုံးလွယ် ငှက်ပျောစိုက်မယ်၊ အဖိုလာခေါ် ရေကျောက်ခက်မြေသြဇာ၊ မွန်ပြည်နယ်မှပငဆား၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းပါ၊ အသက်ကယ်ပွဲ၊ ကျားမတန်းတူ၊ ကြက်မှရောဂါမကူးစက်စေရန်၊ ကျန်းမာသုခ ဝေငှပါ၏၊ အဆစ်ရောင် ရောဂါကို ဆေးဝါးမပါ သဘာဝကုသနည်း၊ အပိုဝင်ငွေတိုးဖို့ ပိုးအိမ်မွေးကြပါစို့၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများအား မြေသြဇာအဖြစ် စနစ်တကျသုံးစွဲရေး၊ မြန်မာတို့ချစ်သည့်ကိုရီးယားမင်းသမီး ဂျွန်းဂျီဟွန်း စသည့် စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာသတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ရသစုံလင်စွာဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျိုင်းတုံမြို့မဈေးကြီး ကျန်းမာရေးနှင့်ညီညွတ်ရန် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရန် အသားငါးများ ယင်လုံဆန်ခါဖြင့်ရောင်းချရေးကို ဇန်နဝါရီ ၂၄ ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးခင်မောင်မြင့်ဦးဆောင်သော ဈေးဝန်ထမ်းများဖြင့် ဈေးအတွင်း လိုက်လံစစ်ဆေးကြီးကြပ် ဆောင်ရွက်ကြသည်။ **(မြို့နယ်/စည်ပင်)**

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌ အမေရိကန်ရဟတ်ယာဉ်တစ်စင်း လွန်ခဲ့သော သီတင်းပတ်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါသွားသော မရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးစလုံးသေဆုံးကာ ယင်းရဟတ်ယာဉ်မှာပစ်ချခံရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်တွင် ဖော်ပြသည်။

အီရန်နိုင်ငံအရှေ့တောင်ပိုင်း ဇာဟေဒန်မြို့၌ ဘတ်စ်ကားတစ်စီးအနီး ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၁ ဦးသေဆုံးသွားကြောင်း အီရန်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ကို ဖေဖော်ဝါရီ ၁၄ ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။

အင်တိုနီနှင့် ကလီယိုပါထရာစုံတွဲသည် ရောမသမိုင်းတွင် အလွန်ချောမောလှပသူများအဖြစ် နာမည်ကျော်ကြားခဲ့သော်လည်း အီဂျစ်ဘုရင်မထံမှ ရသော လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က ငွေဒင်္ဂါးပြားများပေါ်၌ ပါရှိသည့်ယင်းတို့၏အရုပ်များမှာ အလွန်ရုပ်ဆိုးကြသည်ဟု နယူးကာဆယ်တက္ကသိုလ်မှ ကျွမ်းကျင်ပညာရှင်များက လေ့လာတွေ့ရှိချက်ကို ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အိန္ဒိယ၊ တရုတ်နှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးများသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတိုက်ဖျက်ရေးနှင့် အာဖဂန်နစ္စတန်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် အနောက်တောင်ပိုင်းတို့၌ အကြမ်းဖက်သူဟု သံသယရှိသူ ၁၁ ဦးအား ဖမ်းဆီးလိုက်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးကပြောကြားသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့သည် နျူကလီးယား လက်နက် ဖျက်သိမ်းရေးစာချုပ် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီး တစ်ရက်အကြာ ဝန်ကြီးအဆင့်ဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

■ **ရှေ့ဖုံးမှ**

မွန်းလွဲ ၂ နာရီတွင် ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ချိန်အတွင်း ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လေးလမ်းသွား လမ်းများအပေါ် ကတ္တရာခင်းကျင်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုတို့ကိုလည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်ဝင်းက သာကေတတစ်ဖက်ကမ်း၌ ကမ်းနား ပတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်နေမှုနှင့် ရေမြောင်းများဖောက်လုပ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ စီမံကိန်းအင်ဂျင်နီယာမှူး ဦးဟန်စိုးက စီမံကိန်းတစ်ခုလုံး၏ ၉၆ ရာခိုင်နှုန်းပြီးစီးမှုတို့ကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် အချောသပ်လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ လေးလမ်းသွား ကတ္တရာလမ်းများကိုလည်း တံတားကြီးပြီးစီးမှုနှင့်အတူ စံချိန်စံညွှန်းမီ ပြီးစီးရေး၊ သုဝဏ္ဏမြို့နှင့် သာကေတမြို့ဘက်ရှိ ချဉ်းကပ်တံတားတွင် ရေပိုက်လိုင်းသွယ်ခြင်းနှင့် ရေမြောင်းများဖောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း တစ်ချိန်တည်းပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ငမိုးရိပ်တံတား(ကမာကြည်)တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရေမြောင်းများ တည်ဆောက်ပြီးစီးမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ၁၆ လက်မပိုက်လိုင်းဖြင့် ရေသွယ်ရန် စက်ယန္တရားကြီးများဖြင့် စီစဉ်ဆောင်ရွက်နေမှု၊ ငမိုးရိပ်တံတား(ကမာကြည်)ကို သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သာကေတမြို့နယ်ဘက်ကမ်း၌ လေးလမ်းသွားလမ်းပိုင်းများ ခင်းကျင်း ဆောင်ရွက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့်သာကေတမြို့နယ်တို့ကို ဆက်သွယ်၍ ငမိုးရိပ်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည် ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ်၄၈ပေ၊ လူသွားလမ်းအကျယ်သုံးပေစီရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်၆၅ပေနှင့် အမြင့်၁၁ပေရှိပြီး ခွင့်ပြုယာဉ်အလေးချိန်တန်၆၀ ဖြစ်သည်။ တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏမြို့ဘက်တွင် ပေ၅၂၀နှင့် သာကေတမြို့နယ်ဘက်တွင် ပေ၄၀၀ ဖြစ်သည်။

ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၆ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး တံတားချဉ်းကပ်လမ်းများကို နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများနှင့် အချောသပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုမိုဖွံ့ဖြိုး

အဆိုပါ ငမိုးရိပ်တံတား (ကမာကြည်)ပြီးစီးသွားပါက ရန်ကုန်-သန်လျင် တံတားအမှတ်(၁)၊ ဒဂုံတံတားတို့နှင့်ချိတ်ဆက်၍ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်၊ ခရမ်း၊ သုံးခွ၊ သီလဝါ၊ ကျောက်တန်းမြို့နယ်တို့ကို အချိန်တိုအတွင်း ပိုမိုလျင်မြန်လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်ကာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတား တည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ချဉ်းကပ်တံတားနှင့် ပင်မတံတား အမျိုးအစားများနှင့် တည်ဆောက်ပြီးစီးမှု၊ RCD ပိုင်လုပ်ငန်းများအနက် နောက်ဆုံးလက်ကျန် P,12 RCD ပိုင်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်အကြီးအကဲ၏အထူးစီမံကိန်းများ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရန်၊ သတ်မှတ်ချိန်တွင် စံချိန်စံညွှန်းမီစွာဖြင့်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တံတားကြီးအချိန်မီပြီးစီးရေးအတွက် ဆက်စပ်ဆောင်ရွက်ပေးရမည့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း နောက်ဆုံးလက်ကျန် RCDပိုင် P,12လုပ်ငန်းဆောင်ရွက်နေမှု ကြိုတင်အားဖြည့် ရက်မတင်ရန် ဘေလီလွှန်းထိုးခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ဒဂုံတံတား

အဆိုပါဒဂုံတံတား၏ စုစုပေါင်း အရှည်မှာ ပေ ၄၅၄၀ရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်ပေ၁၃၀နှင့် အမြင့် ၁၈ပေ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် ၇၅ တန်ရှိသည့် တံတားကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိ ခြောက်လမ်းသွားတံတားကြီးဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ကြိုတင်အားဖြည့် ကွန်ကရစ် အမျိုးအစားဖြစ်ကာ အောက်ထည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ယခုအခါ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများ၉၅ရာခိုင်နှုန်း၊ သန်လျင် ဘက်ကမ်းချဉ်းကပ်တံတား တည်ဆောက်ရေး လုပ်ငန်းများ ၉၀ရာခိုင်နှုန်း၊ ပင်မတံတားတည်ဆောက်ရေး လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၈ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ တစ်စီးချင်း ၇၅တန်အထိဖြတ်သန်းနိုင်ပြီး ယခု ဒဂုံတံတား ပြီးစီးပါက ပို့ကုန်၊ သွင်းကုန်များ အပါအဝင် ကုန်စည်စီးဆင်းမှုပိုမိုလွယ်ကူစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ၁၄ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ရိုးရာနွေဦးပွဲတော် ညှော်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ် ဆက်သွယ်သော ငမိုးရိပ်တံတား (ကမာကြည်)တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးအောင်ပွဲ

❖ ငြိမ်းချမ်းရေးတန်ဖိုး၊ သူ့အကျိုးကို
စစ်ထိုးစစ်ရန်၊ စစ်ဒဏ်ခံစား
လူအများသာ၊ သိနိုင်ရာ၏....။

❖ မငြိမ်းချမ်းသော်
သိန်းသန်းကုဋေ၊ ချမ်းသာပေလည်း
စိတ်နေကြောင့်ကြ၊ မချမ်းမြတည့် ....။

❖ မငြိမ်းချမ်းသော်
စိမ်းလန်းစိုပြေ(ပြည့်)၊ ကမ္ဘာမြေလည်း
မသွေခြောက်ခန်း၊ နေထိပန်းတည့် ....။

❖ မငြိမ်းချမ်းသော်
ကိန်းခန်းစုံလင်၊ ပြည့်စုံလျှင်လည်း
မယဉ်သည့်လမ်း၊ ကြမ်းမြကြမ်းတည့် ....။

❖ မြန်မာပြည်တွင်း
မှီတင်းမောင်နှမ၊ ညီညွတ်ကြလော့
ဝါဒအစွဲ၊ လူမျိုးစွဲနှင့်
ဂိုဏ်းစွဲ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲပြီး
အစွဲနှောင့်ယှက်၊ ကြိမ်ကြိမ်ဖျက်၍
တိုင်းပျက် ပြည်ပျက်၊ အိုးအိမ်ပျက်လျက်
စိတ်လက်ပန်းကာ၊ မချမ်းသာဘဲ
နွမ်းနာခဲ့ပေါင်း များလှပြီ....။

❖ ခုအချိန်ကား၊ တိုင်းရင်းသားတို့
ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်အကျိုးနှင့်
လူမျိုးနိုင်ငံ၊ ကိုယ့်အားမာန်ဖြင့်
ဖန်ဖန်ကြိုးကုတ်၊ "ပျား"သရုပ်နှယ်
အားထုတ်သင့်ကြ ညီညီတကား....။

[KNU /KNLA **ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကို ဂုဏ်ပြုလျက်-]**

မင်းယဉ်စု

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ သန်လျင်ဘက်သို့ ဆက်သွယ်တည်ဆောက်ထားသည့် ဒဂုံတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

● ကျောဖုံးမှ

ထိုနေ့ကကျင်းပခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့် အခမ်းအနားတွင် ဒေသခံတိုင်းရင်းသားပြည်သူများက KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် ပန်းကုံးများစွပ်၍လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများပေးအပ်၍လည်းကောင်း၊ ကရင်ဒုံးယိမ်းများ တပျော်တပါး ကခုန်၍လည်းကောင်း နွေးထွေးပျူငှာပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

ထို့အတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကလည်း ဒေသခံတိုင်းရင်းသားပြည်သူများအား အနှစ်နှစ်အလလ ခွဲခွာနေရသည့်မိသားစုများ ပြန်လည်ဆုံတွေ့ကြသည့်ပမာ ဖက်လှဲတကင်း ရင်းရင်းနှီးနှီး ဝမ်းသာအားရ နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် တောင်ပေါ်မြေပြန့်ကရင်တိုင်းရင်းသားများအားလုံး၏ကိုယ်စား ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ငြိမ်းချမ်းရေးအောင်ပွဲဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူသည့်စကား ပြောကြားခဲ့သည်။

အလားတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးကလည်း ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ပြောကြားချက်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီး စောထော့လေးတို့၏ ပြောကြားချက်များသည် ကရင်ပြည်နယ်၏ ပကတိလိုအပ်ချက်အပေါ် KNU/KNLA ငြိမ်းချမ်းရေးကောင်စီက လက်တွေ့အကျိုးပြု ဖြည့်ဆည်းဆောင်ရွက်ချက်များဖြစ်၍ လေ့လာသိရှိနိုင်ရန် ပူးတွဲဖော်ပြလိုက်ပါသည်။ **(သတင်းစဉ်)**

ဒေသခံကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ဝမ်းမြောက်ဂုဏ်ယူသည့်စကားမှ

- ကရင်ပြည်နယ်တွင် တိုက်ပွဲသံများ ဆူညံခဲ့သည်မှာ မိမိတို့အသက်နှင့် အမျှဖြစ်။
- ထို့ကြောင့် ဒေသခံကရင်လူထု၏ ပကတိလိုအပ်ချက်သည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးပင်ဖြစ်။
- ကရင်တိုင်းရင်းသားများသည် အလွန်ရိုးသားဖြောင့်မတ်သူများဖြစ်၍ ပြည်ပ ပယောဂကို လွယ်လွယ်နှင့် ယုံကြည်မိခဲ့ကြ။
- ပြည်ပ ပယောဂ၏ ကနဦးသက်သေခံမှာ နိုင်ငံတော်လုပ်ကြံမှုအတွက် ဂဠုန်ဦးစောအား လက်နက်များထုတ်ပေးခဲ့သည့် ကပ္ပတိန်ဗီဗီယန်ကို ၁၉၅၀ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့ ဤဒေသ၌ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် တပ်မတော်က အသေရမိခဲ့ခြင်းဖြစ်။
- ထို့နောက်ပိုင်း၌လည်း ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပမှပုဂ္ဂိုလ်များ လာဖျက်၍ အကြိမ်ကြိမ်ပျက်ခဲ့ရ။
- ယင်းသို့ မိမိတို့ဒေသတွင် ငြိမ်းချမ်းရေးသည် မျှော်တိုင်းဝေးဆိုသလို ဖြစ်ခဲ့၍ ဤတစ်သက်တွင် ငြိမ်းချမ်းရေးရနိုင်ပါတော့မလားဟု ထင်မှတ်ပြီး စိတ်ဆင်းရဲကြီးစွာ ခံစားခဲ့ရ။
- တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြသည့်ဒေသများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ကြားရ မြင်ရပြီး ကရင်ပြည်နယ်အတွင်းမှာပင် ငြိမ်းချမ်းသည့် ဒေသနှင့် မငြိမ်းချမ်းသည့်ဒေသတို့၏ ဖွံ့ဖြိုးမှုချင်းကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရသဖြင့် ကရင်ပြည်သူများလည်း ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်ခဲ့ကြ။
- ထို့အပြင် လက်နက်ကိုင်ကရင်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ဒုက္ခသည်စခန်းများ၌ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေထိုင်ကြရကြောင်း ကြားသိရ၍လည်း ကိုယ်ချင်းစာမိခဲ့။
- ယနေ့အခါတွင် ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးကောင်စီက ငြိမ်းချမ်းရေးမီးရှူးတိုင်ကြီး စတင်ထွန်းညှိပေးလိုက်ပြီဖြစ်။
- ကရင်တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းရေးကောင်စီ၏ဆောင်ရွက်ချက်ကို ဝမ်းသာဂုဏ်ယူကြောင်း မှတ်တမ်းတင်။
- ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုလည်း ငြိမ်းချမ်းရေးရယူရန် တည်ဆောက်ကြပါဟု ကရင်လူထု၏ကိုယ်စား တိုက်တွန်း။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေး၏ ကျေးဇူးတင်စကားမှ

* ယနေ့မှစပြီး မိမိတို့နယ်မြေတွင် ရှာပုန်းရှာရှောင်ဟူ၍ မရှိ။
* ယနေ့မှစပြီး မိမိတို့နယ်မြေတွင် ဒုက္ခသည်စခန်းဟူ၍လည်း မရှိ။
* ကရင်ပြည်နယ်သူ ပြည်နယ်သားများအားလုံး လွတ်လပ်စွာနေထိုင်နိုင်ကြပြီ။
* ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြသည့် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်။
* ယခုလို ငြိမ်းချမ်းရေးလုပ်ဆောင်ချိန်တွင် ပါဝင်ခြင်းမရှိသေးသည့် KNU/KNLA ခေါင်းဆောင် ရဲဘော်ရဲဘက်များအားလုံးကိုလည်း မိမိတို့ကရင် ပြည်နယ်မှာ အတူတကွအေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြရန် နွေးထွေးစွာဖိတ်ခေါ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၇

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ထမင်းလေးတစ်လုတ်တရားတော် (ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈း၁၀	လူငယ်သိပ္ပံပြပွဲ
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	စုပေါင်းနွဲ့ပျော် ဆွမ်းလောင်းပွဲတော်
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	သွားမယ်စားမယ်(Howdy's)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ကုန်သွယ်စီးပွားနိုင်ငံ့အား (ကုန်သွယ် မှု၏အားထားရာ ဆိပ်ကမ်းသီလဝါ)
၁၀း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅	Yangon Panorama (On-Line ဆိုင်ဖွင့်ပွဲ)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	ဂီတရေစီးကြောင်းထဲကဂီတာ
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	၂၀၀၈ခုနှစ် ဘောဂျင်းအိုလံပစ်ဘောလုံးခြေစစ်ပွဲ (မြန်မာအမျိုးသမီးအသင်း လေ့ကျင့်ပြင်ဆင်မှုများ)
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	ရှမ်းတောင်တန်းအနီး၊ သာသနာပြုခရီး၊ ရတနာစည်ရဲ့နည်း (ရှမ်းပြည်နယ်တောင်ပိုင်း) (လွိုင်လင်ခရိုင်)
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း-၂)
၁း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပါတီအပေါ် ယုံကြည်အားထားမှုမရှိ တံတားဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဟံသာဝတီကျေးရွာမှ ဦးမောင်ကိုကြီး၊ ဦးသန့်ဇင်၊ ဦးသန်းလွင်၊ ဦးစိုးလှိုင်၊ ဒေါ်မမလေး၊ ဦးတိုးတိုးနှင့် ဦးမြင့်သန်း အပါအဝင်ရှစ်ဦးတို့သည် ဇန်နဝါရီ၁၈ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မန္တလေးတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ၁၇ ရက်(စနေနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ဗိုလ်ခွဲရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်တိုင်းနှင့် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျောင်းသား၊ ကျောင်းသူအသစ်များ တက်ရောက်ကြရန်နှင့် ကြိုတင်ဝယ်ယူထားသော ညစာစားပွဲ လက်မှတ်များကို ယူဆောင်လာကြရန် လက်မှတ်မဝယ်ရသေးသူများ ယင်းနေ့တွင် တစ်ပါတည်း ဝယ်ယူပြီး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆားဗီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင်ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗု(ခ်)ဒရာစကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင် သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ၏ဘုရင် ဒုတိယမြောက် အယ်လ်ဘတ် ဘုရင်မင်းမြတ်ထံပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်ကို မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်က အောက်ပါအတိုင်းထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်

၁။ မြန်မာနိုင်ငံအစိုးရသည် ခရစ်ယာန်ဘာသာဝင်များအပေါ် ကန့်သတ်ချုပ်ချယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းများပြုလုပ်နေသည်ဟူသော စွပ်စွဲပြောဆိုချက်များပါဝင်သည့် အစီရင်ခံစာသစ်တစ်ခုကို ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ CSW ထုတ်ပြန်တော့မည်ဆိုသော သတင်းကို ကျွန်ုပ်တို့ကြားသိပြီးဖြစ်ပါ၏။ အမှန်မှာ မြန်မာနိုင်ငံ၌ဘာသာရေးလွတ်လပ်ခွင့်မရှိဟူသော ဖော်ပြချက်မှာ အဆိုးရွားဆုံးလွဲမှား တင်ပြချက်ကြီးတစ်ခု ဖြစ်သည်။ ထို့ကြောင့် စွပ်စွဲချက်အားလုံးကို ချေဖျက်နိုင်ရန်အဖြစ်မှန်အကြောင်းတချို့ကို တင်ပြလိုပါသည်။

၂။ မြန်မာနိုင်ငံတွင် ပင်ရင်းဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့်ရိုးရာအစဉ်အလာများနှင့်အညီ နိုင်ငံသားတိုင်းက အခြေခံအခွင့်အရေးများကို ဥပဒေအရပိုင်ဆိုင်ထားကြပါသည်။ ထူးခြားသည့် မြန်မာ့ယဉ်ကျေးမှု၏ အမှတ်လက္ခဏာများမှာ သည်းခံခွင့်လွှတ်ခြင်း၊ ကရုဏာထားခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့ ဖြစ်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှည်လျားလှသော သမိုင်းတစ်လျှောက်၌ လူမျိုး၊ ကိုးကွယ်မှုဘာသာနှင့် လိင်အရခွဲခြားဆက်ဆံပြုမူမှုများ မည်သည့်အခါကမှ မရှိခဲ့ပါ။ မြန်မာတို့သည် ဘာသာရေးကိုင်းရှိုင်းကြသည်နှင့်အညီ မေတ္တာ၊ ကရုဏာနှင့် မုဒိတာစသော တရားများ တစ်နိုင်ငံလုံးတွင် ခံယူကျင့်သုံးကြပါသည်။ ယဉ်ကျေးမှုအမွေအနှစ် အစဉ်အလာနှင့် ဘာသာရေးကိုင်းရှိုင်းမှုတို့၏ သြဇာကြောင့် အဓိကကိုးကွယ်မှုဘာသာကြီးများဖြစ်ကြသော အစ္စလာမ်၊ ခရစ်ယာန် ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် ကြာမြင့်စွာကတည်းက ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိ ခဲ့ကြပေသည်။

၃။ ယခုအခါ ခရစ်ယာန်ဘုရားကျောင်းများ၊ အစ္စလာမ်ဗလီများ၊ ဟိန္ဒူဝတ်ပြုကျောင်းများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများစသည့် ဘာသာရေးအဆောက်အအုံများသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ယှဉ်တွဲရှိနေကြပါသည်။ ၎င်းသည် ဘာသာရေးလွတ်လပ်ခွင့်ရှိပုံကို ထင်ဟပ်ပြသနေခြင်းပင် ဖြစ်ပါသည်။ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဝတ်ပြုကျောင်းများနှင့် စေတီပုထိုးများ၊ တစ်ခုနှင့်တစ်ခုနီးကပ်စွာ ယှဉ်တွဲတည်ရှိနေပုံကို မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့မြင်နိုင်ပေသည်။ ထိုပေါ်လွင်ထင်ရှားသော အခြေအနေကို လေ့လာတွေ့ရှိရသော ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာတစ်သီးပုဂ္ဂလကျွမ်းကျင်သူ အမျိုးသမီးမှာ အထူးတလည်အံ့သြကျေနပ်သွားခဲ့သည်။ ထို့ပြင် ဘာသာရေးယုံကြည်ကိုးကွယ်မှုအသီးသီးကို အကြည်အသာလက်ခံထားကြသော လူ့အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံသည် စံနမူနာအဖြစ်စံထားဖွယ်ဖြစ်ကြောင်း လှိုက်လှဲစွာမှတ်တမ်းတင်ခဲ့သည်။

၄။ မြန်မာနိုင်ငံ၌ သာသနာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသည့် အစ္စလာမ်ဘာသာအဖွဲ့အစည်းကြီး ငါးခု၊ ခရစ်ယာန်ဘာသာအဖွဲ့အစည်းကြီးလေးခုနှင့် ဟိန္ဒူအယူဝါဒဆိုင်ရာအဖွဲ့အစည်းတစ်ခု ရှိနေကြပါသည်။ ဘာသာရေးဆိုင်ရာပြဿနာ(သို့မဟုတ်)အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့လျှင်လည်း သာသနာရေးဝန်ကြီးဌာနသည် အဆိုပါ အသိအမှတ်ပြုထားသည့်သာသနာရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ အလျင်မြန်ဆုံး ဆုံးဖြတ်ဖြေရှင်း ပေးလျက်ရှိပါသည်။ ထိုအခြေအနေမျိုး၌ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် ယင်းတို့သက်ဆိုင်ရာ ကိုးကွယ်မှု ဘာသာများကို မြှင့်တင်ဖွံ့ဖြိုးစေနိုင်အောင် သာသနာရေးဝန်ကြီးဌာနက လိုအပ်သလို အကူအညီပေး လျက်ရှိပါသည်။

၅။ အထက်ဖော်ပြပါအကြောင်းအချက်များအရ ကောက်ချက်ချရလျှင် ကမ္ဘာပေါ်၌ ကိုးကွယ်မှုဘာသာကြီးများ ညီညွတ်အေးချမ်းစွာ ယှဉ်တွဲရပ်တည်ကာ နိုင်ငံသားတိုင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်လျက်ရှိသည့်နိုင်ငံ အနည်းငယ်အနက် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။ တစ်ခါတစ်ရံ၌မူ သေးငယ်သော ဘာသာရေး သဘောကွဲလွဲသည့် ဖြစ်ရပ်တစ်ခုတလေ ရှိကောင်း ရှိပေလိမ့်မည်။ အလားတူဖြစ်ရပ်များမှာ အခြားကမ္ဘာနေရာများ၌လည်း ဖြစ်ပေါ်လေ့ရှိတတ်ပါသည်။ ထိုသို့ဖြစ်ပေါ်သည့်အခါ အစိုးရသည် အလျင်အမြန် အရေးယူဆောင်ရွက်သည့်အနေဖြင့် သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များနှင့်တိုင်ပင်ကာ ဖြစ်ရပ်များ ထိမ်းမနိုင်သိမ်းမရ မကြီးထွားစေဘဲ ငြိမ်းချမ်းစွာ ပြေလည်သွားအောင် ဆောင်ရွက်ပါသည်။

၆။ CSW က မြန်မာနိုင်ငံ၌ကွဲလွဲသော ဘာသာရေးအမြင်များရှိနေခြင်းအပေါ် များစွာပူပန်နေမှုကို ကျွန်ုပ်တို့က အမှန်တကယ် အသိအမှတ်ပြု စာနာပါ၏။ သို့ရာတွင် မြန်မာနိုင်ငံ၌ ခရစ်ယာန်များနှင့် အခြားဘာသာများအပေါ် ကန့်သတ်ချုပ်ချယ်မှု၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်မှုများရှိသည်ဆိုကာ CSW က အစီရင်ခံစာ ယိုးစွပ်တင်ပြထားသည်။ ထိုသို့ယိုးစွပ်တင်ပြထားမှုမှာ မှန်းဆချက်များအပေါ် အခြေခံထားသဖြင့် လုံးဝအခြေအမြစ်မရှိပါပေ။ မြန်မာနိုင်ငံတွင် မျိုးနွယ်၊ လူမျိုး(သို့မဟုတ်)ဘာသာရေးအခြေခံဖြင့် မည်သည့်လူတစ်စုတစ်ဖွဲ့ကိုမှ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း မရှိပေ။ ထိုစွပ်စွဲချက်များမှာ မြန်မာနိုင်ငံရှိ ကိုးကွယ်မှုဘာသာများအကြား သဘောထားကွဲပြားခြင်း၊ စိတ်ဝမ်းကွဲမှုနှင့် မုန်းတီးမှုတို့ကို ပျိုးထောင်ပေးရန် လုပ်ကြံထားခြင်းမျှသာ ဖြစ်ပါသည်။

၇။ မသမာသူများထံမှစုဆောင်းရရှိသော အခြေအမြစ်မရှိ လွဲချော်နေသောသတင်းဆောင်းပါးများဖြင့် မြန်မာအစိုးရအား စွပ်စွဲခြင်းများသည် မြန်မာနိုင်ငံ၏ ရုပ်ပုံလွှာကို နိမ့်ကျညစ်ထေးစေပါသည်။ တကယ့်ဖြစ်ရပ်မှာ နိုင်ငံရေးလှုံ့ဆော်မှုကြီးတစ်ရပ် ဖြစ်တော့သည်။ သင်တို့၏ကောလာဟလအစီရင်ခံစာကို ကျွန်ုပ်အနေဖြင့် ပစ်ပယ်ရှုတ်ချရမည်သာဖြစ်သည်။ ကျွန်ုပ်တို့၏မှန်ကန်သောတင်ပြချက်ကို ဖတ်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံဆိုင်ရာ နားလည်မှုလွဲခြင်းနှင့် တစ်ဖက်သတ်အမြင်များကို ဖယ်ရှားရှင်းလင်းပေးပါလိမ့်မည်။ သင်တို့၏နေကာ မျက်မှန်များ ချွတ်လိုက်ခြင်းအားဖြင့် သဘာဝအရောင်အသွေးများကို ခံစားနိုင်တော့မည်ဟု ဆိုချင်ပါသည်။

မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်။

ကျေးလက်ကို အခြေခံကြရမည်

ချစ်နိုင် (စိတ်ပညာ)

ဖျာပုံခရိုင် မြို့နယ်များ	၂၀၀၆-၀၇ လျာထား	ဆောင်ရွက်ပြီး ကျေးရွာစာကြည့်တိုက်	လျာထားချက်ထက် ကျော်လွန်ဦးရေ
၁။ ဖျာပုံမြို့နယ်	၅၀	၆၁	၁၁
၂။ ကျိုက်လတ်	၁၄၀	၁၄၆	၆
၃။ ဒေးဒရဲ	၁၂၇	၁၃၀	၃
၄။ ဘိုကလေး	၁၄၅	၁၅၀	၅
၅။ အမာ	၅၀	၅၀	-
စုစုပေါင်း	**၅၁၂**	**၅၃၇**	**၂၅**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးမှာ ကျေးလက်နေပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ထက်သန်စွာပါဝင်ကြိုးပမ်းချက်ကြောင့် ဧရာဝတီတိုင်းအတွင်း ထိရောက်အောင်မြင်နေပါသည်။ ကျေးရွာပေါင်း ၁၁၀၀၀ကျော်ရှိသဖြင့် တစ်နိုင်ငံလုံးရှိကျေးရွာပေါင်း ၆၀၀၀၀နှင့် နှိုင်းစာလျှင်ခြောက်ပုံ တစ်ပုံရှိသည်။ ကျေးရွာဦးရေ အများအပြားဆုံး တိုင်းဒေသကြီးဖြစ်ပေသည်။ အရည်အသွေးစံချိန်မီစွာ အမှန်တကယ် အကောင်အထည်ဖော်ရန် အရေးကြီးလေသည်။ ထို့ကြောင့် ကျေးရွာအရောက် နမူနာကောက် ထိတွေ့လေ့လာပြီး အခြေအနေမှန်များကို သုံးသပ်ရန် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ကနီရွာ

ဖျာပုံမြို့နယ် ကနီကျေးရွာသည် ပင်လယ်ကမ်းစပ်နှင့် ၁၀ မိုင်ခန့်သာ ဝေးတော့သည်။ ဖျာပုံရောက်လျှင် ကနီရွာသို့ ရောက်အောင်သွားသင့်တယ်ဟု ဆိုရိုးစကားရှိထားကြောင်း စာရေးဆရာမန်းတင်က ၁၇-၁၀-၁၉၇၀ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌ **"ရွှံ့နွံထဲမှကြာပန်းပွင့်ကလေးများ"** ခေါင်းစဉ်ဖြင့် ရေးသားခဲ့ဖူး၏။ ကနီရွာသည် မိဘမဲ့ အပါအဝင် ဆင်းရဲသူကလေးပေါင်း ၁၀၀ ကျော်ကို ၁၉၅၈ ခုနှစ်ကပင် စတင်၍ မဟာဘုံစံကျောင်း ဆရာတော် အရှင်စန္ဒောဘာသ ဦးစီးထူထောင် စောင့်ရှောက်သည့် ပရဟိတကျောင်းကြောင့် ထင်ရှားသည်။ မန္တလေးမြို့ မိုးကောင်းတိုက်တွင် သီတင်းသုံးခဲ့သော ဆရာတော်အရှင်စန္ဒောဘာသသည် ပရဟိတ လုပ်ငန်းများကို စနစ်တကျဖြင့် ခိုင်မာစွာဆောင်ရွက်တော်မူခဲ့လေသည်။ ဤပရဟိတဂေဟာ၏ ထူးခြားမှုကို သတင်းစာဆရာ ဦးသိန်းဖေမြင့်ကလည်း ရေးသားမှတ်တမ်းတင်ခဲ့ဖူးပေသည်။ မမေ့နိုင်သော အတွေ့အကြုံတစ်ခုဟု ဆိုခဲ့၏။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ကျော်က စတင်ပျိုးထောင်ခဲ့သော ကနီရွာလူငယ် ပရဟိတဂေဟာမှ အချို့သောပုဂ္ဂိုလ်တို့သည် ရန်ကုန်၊ ဖျာပုံ စသည့် မြို့ကြီးများတွင်သာမက နိုင်ငံခြားထိအောင် ရောက်ရှိကြီးပွားနေကြသူတွေ ရှိခဲ့လေပြီ။ ထိုစေတနာရှင်၊ အလှူရှင်၊ အောင်မြင်ထွန်းပေါက်ကြသူများ၏ လှူဒါန်းထည့်ဝင်ငွေတို့ကြောင့် လက်ရှိဆရာတော် အရှင်ပဏ္ဍိတ၏လက်ထက်တွင် **"သမစိတ္တစာကြည့်တိုက် အဆောက်အအုံ"** ကျပ်သိန်း ၁၀၀ကျော်တန် ပေါ်ပေါက်လာလေသည်။ အရှင်စန္ဒောဘာသ (၁၉၁၉-၁၉၉၇)ရှိစဉ်ကပင် ကနီရွာ၌ ၁၉၂၀-၃၀ကာလဆီက သမစိတ္တ စာကြည့်တိုက်ဟူ၍ ထူထောင်တည်ရှိခဲ့ဖူးသည်ဆို၏။ ထို့ကြောင့် ယခု စာကြည့်တိုက်ကိုလည်း လွန်ခဲ့သောနှစ်ပေါင်း ၈၀ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ အမျိုးသားရေး နိုးကြားစဉ် အရှိန်အဟုန်ကောင်းချိန်က ထူထောင်ခဲ့သောအမည်ကိုသာ ဆက်လက်ခံယူခြင်းအဖြစ် **"သမစိတ္တစာကြည့်တိုက်"**ဟု မှည့်ခေါ်ကြလေသည်။ အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းလည်းဖြစ်သည်။

သမစိတ္တ

သမစိတ္တစာကြည့်တိုက် အသင်းဝင် ၂၅၈ဦးရှိသည်။ စာအုပ်စာစောင် ၁၆၄၆ အုပ်ရှိသည်။ ဆရာတော် အရှင်ပဏ္ဍိတက မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် စတင်ထူထောင်ခဲ့ရာ ဖျာပုံမြို့မှ ဦးတင်အေး-ဒေါ်စန်းစန်းဝင်းက ကျပ်၂၅ သိန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းဝင်းက ကျပ်ရှစ်သိန်း၊ ဦးကျော်ခိုင်-ဒေါ်ဝင်းဝင်းမြတ်က ကျပ်ခြောက်သိန်း စသည်ဖြင့် အလှူရှင် စေတနာရှင်များက စုပေါင်းထည့်ဝင်ခဲ့ကြခြင်းဖြင့် ဤသို့ အဆောက်အအုံ၊ ပရိဘောဂ စာအုပ်စာပေများ ပြည့်စုံလာရပေသည်။ ယုံကြည်ချက်နှင့် စေတနာကြောင့် ကာလအနည်းငယ်အတွင်း ထမြောက်အောင်မြင်ခဲ့သည်။ ကနီရွာတွင် ပညာလိုလားသူ၊ သီလဖြူစင်သူများ များပြားသည်။

စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဘုန်းမြင့်၊ နယ်မြေခံ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးမျိုးခိုင်၊ အလှူရှင်ဦးတင်အေး၊ ဦးအောင်မြင့်၊ ဦးကျော်ခိုင်အစရှိသော အလှူရှင်များ စုံညီစည်ကားစွာ တက်ရောက်ခဲ့ကြသည်။ ဘုံစံကျောင်း ဆရာတော် ဦးပဏ္ဍိတကို သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ နေ့လယ်စာ စားသည်။

အောက်ကမ်းပါးရွာ

ထို့နောက် သမိန်ထောရွာသို့ ပြန်လာခဲ့ကာ ဆက်လက်၍ အောက်ကမ်းပါးရွာသို့ ကားနှစ်စီးဖြင့်သွားကြသည်။ လယ်ကွင်းများအလယ်ရှိ အိမ်ခြေ ၂၀၀ကျော် ရှိသော အောက်ကမ်းပါးရွာသည် ပင်လယ်နှင့် ငါးမိုင်ပင်မဝေးတော့။ ရွာလယ်၌ ကျပ် ၁၆ သိန်းကျော်တန် စာကြည့်တိုက်အဆောက်အအုံကို နှစ်လအတွင်း အပြီးဆောက်လုပ်ခဲ့ကြသည်။ ဦးတင်ဝင်းလှိုင်က ကျပ်တစ်သိန်းခွဲ၊ ဦးစိန်လှ၊ ဦးကျော်ရင်၊ ဦးဉာဏ်အောင်၊ ဦးအေးကြူတို့က ကျပ်တစ်သိန်းစီ စသည်ဖြင့် စုပေါင်းထည့်ဝင်လှူဒါန်းကြခြင်းဖြစ်ပါသည်။ **"ရောင်ခြည်ဦးစာကြည့်တိုက်"**ဟု အမည်ပေးကြသည်။

အသင်းဝင် ၁၈၄ ဦး၊ စာအုပ်စာစောင် ၅၃၄ အုပ်ရှိသည်။ ရွာလယ်ရှိ ယာယီမဏ္ဍပ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ **ကနီရွာ၊ အောက်ကမ်းပါးရွာတို့တွင် မိမိတို့က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ကျေးရွာလူထုက ဝမ်းသာအားရ လက်ခံကြသည်။ ပြည်သူအများ အသိပညာ၊ အတတ်ပညာမြင့်မားရေးကို နောင်အနာဂတ်ကာလတွင် ကျယ်ပြန့်ထိရောက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရမည်ဟု သဘောပေါက် နားလည်ထားကြသည်။ စိတ်အားထက်သန်နေကြသည်။ ကနီရွာနှင့် ဤအောက်ကမ်းပါးရွာတို့သည် မြို့နှင့်မနီးကြသော်လည်း ဗဟုသုတရှိပြီး စည်းလုံးညီညွတ်ကြသည်။ တက်ကြွကြသည်။ စာပေဖတ်ရှုသော အလေ့အထများ ယခင်ကထက် တိုးတက်များပြားလာနေသည်။**

အောက်ကမ်းပါးရွာမှ ဖျာပုံသို့ ပြန်လာကြပြီး ကားဆီဖြည့်သည်။ ထိုမှ အနောက်ဘက် ဘိုကလေးသို့ သွားသည့်လမ်းအတိုင်း လယ်ကွင်းများကိုဖြတ်၍ ကားနှစ်စီးဖြင့် သွားကြပြန်ပါသည်။ ဂုံညင်းတန်းမြစ်



ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူး-တွံတေး-ရန်ကုန်ခရီး။

ဒီဘက်ကမ်း၌ စက်လှေအသင့်စောင့်ကြိုနေလေသည်။ နေဝင်လုပြီ။ ဒီဇင်ဘာ ၃၁ရက် ၏ ညနေ။

မြင်းကကုန်း

ဂုံညင်းတန်းမြစ်ကို စက်လှေဖြင့်ဖြတ်သန်းကာ မြောက်ဘက်ကမ်းသို့ မှောင်လုလုဆည်းဆာချိန်တွင် ကျွန်တော်တို့ရောက်ရှိသွားသည်။ ရေကျချိန်၊ ခြေတံရှည်အိမ်တန်းများဖြင့် အိမ်ခြေ ၂၀၀၀ကျော်ရှိသော မြင်းကကုန်းကျေးရွာသည် ဘိုကလေးမြို့နယ်ထဲတွင် ပါဝင်သည်။ စည်ကားသော ရွာကြီးဖြစ်ပါသည်။ ဒေသထွက်ကုန်၊ ဆန်စပါး၊ သီးနှံမျိုးစုံများဖြင့် စီးပွားရေးကောင်းသည်။ မြို့ကဲ့သို့စည်ကားသည်။ မြို့လူထုက တီးဝိုင်းအဖွဲ့နှင့် အသံချဲ့စက်ဖွင့်ကာ မြိုင်ဆိုင်လိုက်လှဲစွာကြိုဆိုကြသည်။ ဘိုကလေးမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီး၊ စာရေးဆရာမ မြကြာဖြူတို့က ဝမ်းပန်းတသာဖြင့် ဒီဘက်ကမ်းအထိ လာရောက်ကြိုဆိုခဲ့ကြ၏။ စာပေရဲဘော်ရဲဘက်ချင်းတွေ့ကြရသဖြင့် စကားလက်ဆုံပြော၍မကုန်။ ဆွေမျိုးတွေ့သလိုပဲဆိုရမည်။

ရွက်နုဝေ

မြင်းကကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် မူလကရပ်ကွက်ကောင်စီရုံး၌တွဲလျက်**"ရွက်နုဝေစာကြည့်တိုက်"**ဟူ၍ ဖွင့်လှစ်ထားရှိပြီးဖြစ်၏။ အလှူရှင်ဦးကံလှ-ဒေါ်ပို မိသားစုက ကျပ်သိန်း ၁၀၀ကျော် တစ်ဦးတည်းတည်ဆောက်လှူဒါန်းသဖြင့် ခံ့ညားထည်ဝါသော ပညာအလင်းစာကြည့်တိုက်အဆောက်အအုံ ဖြစ်ပေါ်လာသည်။ အသင်းဝင် ၁၄၉ဦး၊ စာအုပ်စာစောင် ၂၀၀၀ကျော်ရှိလေသည်။ အဖွဲ့ဝင် ၁၃ဦးဖြင့် စာကြည့်တိုက်ကော်မတီလည်းရှိပေသည်။ ပရိဘောဂများလည်းပြည့်စုံပြီး တိုင်းမှူးက စံပြစာကြည့်တိုက်အဖြစ် ရုပ်မြင်သံကြားစက်လည်း ဆုပေးထားပြီးဖြစ်လေသည်။ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ထံမှ တီဗွီဆုရသဖြင့် ကျေးရွာလူထုသည် စာကြည့်တိုက်ကို ပိုမိုတိုးတက် စေရန် စိတ်အားထက်သန်နေကြသည်။

နှစ်ဟောင်း

ကျေးရွာဟုဆိုသော်လည်း တိုက်ကြီးတာကြီးတွေများလှသည်။ ချမ်းသာကြသည်။ ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာမှာ ညအိပ်သည်။ ကောင်းကင်မှာ ပြာသိုလဆန်း ၁၃ရက် လသည် တိမ်ကင်းစင်စွာ ထိန်ထိန်သာနေသည်။ ရွာဘုရားကျောင်းရှေ့ရှိ ကွင်းပြင်တွင် စင်ထိုး၍ စာကြည့်တိုက်အောင်ပွဲသဘင် ဆင်ယင်ကျင်းပကြသည်။ မိမိက**"လူဖြစ်ရတဲ့ရည်ရွယ်ချက်"** ကို မိနစ် ၄၀ ဟောပြောပါသည်။ မူလတန်း၊ အလယ်တန်းကျောင်းသူလေးများ ယိမ်းအဖွဲ့တွေက ပျို့မောင်ဘုန်း၊ ဟောတော့ အစရှိသော တေးသရုပ်ဖော်အကတွေနှင့် မြိုင်ဆိုင်စွာ ကပြကြလေသည်။ ၂၀၀၆ ခုနှစ်၏ ဒီဇင်ဘာ ၃၁ ရက်ညသည် မိမိအဖို့ မြင်းကကုန်းရွာ၌ နှုတ်ဆက်ကုန်လွန်သွားလေပြီ။ ပျော်ရွှင်ကြည်နူး စရာကောင်းပေသည်။ နှစ်ဟောင်းသည်သတိရစရာ။

နှစ်သစ်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁ရက် နံနက်ခင်းသည် မင်္ဂလာရှိစွာ ထွက်ပေါ်လာသည်။ မြင်းကကုန်းရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ၊ ဆိပ်ခံဇောတံတားသစ်ဖွင့်ပွဲ (အလှူရှင် ဦးကြိုင်မိသားစု) စသည်ဖြင့် နိုးကြား၊ ရိုးသား၍ ကြိုးစားသောဒေသခံ ကျေးရွာလူထု၏ ကိုယ့်အားကိုယ်ကိုး တိုးတက်အောင်မြင်မှုများကို အားပေးကြည့်ရှုကာ ပီတိတဝေဝေဖြင့် နှစ်သစ်ကို ကျွန်တော်အားတက်စွာ ကြိုဆိုလိုက်ပါသည်။

ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်တို့မှ ပြန်လာခဲ့သော အပြန်ခရီးလမ်းတွင်ကား **လွတ်လပ်ရေးကို ဒို့ချစ်သည်၊ ဒို့ချစ်သည်။ လွတ်လပ်ရေးကို ဒို့မြတ်နိုးသည်၊ ဒို့မြတ်နိုးသည်** ဟူသော အဆိုတော် မေလှမြိုင်၏ တေးသံချိုချိုလွင်လွင်ကို ကြည်လင်စွာ ကြားယောင်လျက်ရှိပါတော့သည်။ ဖုန်တလုံးလုံးထကာ ရိုးပြတ်လယ်ကွင်းများဆီသို့ ဖုန်များ၊ သဲများ ဝေ့ဝဲလွင့်ပျံတက်သွားစဉ်၌ ကားလေးတစ်စီးသည် ဖျာပုံ၊ ဒေးဒရဲ၊ တွံတေး၊ ပန်းလှိုင် စသည့် သစ်လွင်လှပသော မြစ်ကူးတံတားကြီးများကို ဖြတ်ကျော်ရင်း ရန်ကုန်မြို့ဆီသို့ ဦးတည်ပြေးလွှားနေလေသည်။ နှစ်သစ်သည်ကား အားတက်စရာများဖြင့် ပြည့်လျှမ်းနေပေသည်။ ။

ဆုချီးမြှင့်

ဖေဖော်ဝါရီ၄ရက်က အမက-(၁၈)တာမွေ၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုနှင့် အင်္ဂလိပ်စာ မြို့နယ်အဆင့် ပထမဆုရ မောင်ရာဇာကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုချီးမြှင့်စဉ်။

(က-ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဖေဖော်ဝါရီ ၈ရက်က အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း ဖူးပွင့်ဝေ စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ သီရိမြိုင်လမ်း ရွှေလမ်းအပိုင်း(၁)နှင့်(၂) ကတ္တရာထပ်ပိုးလွှာတင်ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် သီရိမြိုင်လမ်း ရွှေလမ်းအပိုင်း (၁)နှင့်(၂) ကတ္တရာထပ်ပိုးလွှာတင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခွဲက အဆိုပါလမ်းအဝင်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက သီရိမြိုင်လမ်း ရွှေလမ်းအပိုင်း (၁)နှင့် အပိုင်း(၂) ကတ္တရာလမ်း ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်ကို တိုင်းမှူးထံ ပေးအပ်ပြီး မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်ကို တာဝန်ရှိသူများအား ပေးအပ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ထပ်ပိုးလွှာတင် ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက လမ်းဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လမ်းတစ်လျှောက် လှည့်လည် ကြည့်ရှုသည်။

အဆိုပါ သီရိမြိုင်လမ်း ရွှေလမ်းအပိုင်း(၁)မှာ အရှည်ပေ၂၀၀၀၊ အကျယ် ၁၂ ပေ၊ ရွှေလမ်းအပိုင်း(၂)မှာ အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထပ်ပိုးလွှာတင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တိုင်းမှူးသည် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်ရုံး ရာမညခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ ဉာဏ်ဆင့်က ဖတ်ကြားတင်ပြသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံအနာကြီး ရောဂါကင်းဝေးရေး အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ ပန်းတနော် ဦးအေးမောင်-ဒေါ်ခင်စိန် (မိုးညှင်းယောဂီ)နှင့် ဦးအောင်သိမ်း-ဒေါ်ညွန့်မေတို့အား ရည်စူး၍ ဦးစောဝင်းသိမ်း-ဒေါ်လှဲ့လှဲ့ဝင်း မိသားစုတို့က အလှူငွေ ကျပ်ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးဆံတော်ရှင် စူဠာမုနိစေတီတော် ရွှေထီးတင်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးမြို့ ကမ္ဘောဇသာဒီ နန်းတော်ကြီး၏ အရှေ့ဘက်(မြွေဘုရားအနီး) ဗုဒ္ဓမြတ်ဆံတော်ရှင်အား ဌာပနာပြု၍ ဓမ္မစေတီနှင့် ဘုရင့်နောင် မင်းတရားကြီးတို့ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စူဠာမုနိ စေတီတော်မြတ်ကြီးအား ကြခတ်ဝိုင်းဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ဌာနဆိုင်ရာအကြီးအကဲများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စေတနာရှင်၊ ရဟန်းရှင်လူများက အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သဖြင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ ရက်အထိ (တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်နေ့အထိ) ကျင်းပသွားမည် ဖြစ်သည်။

စေတီတော်ကြီးတွင် ရွှေစင်သင်္ကန်းဆက်ကပ်ခြင်းနှင့် ဓာတ်လှေကားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကုသိုလ်ပါဝင်လိုပါက ဘဒ္ဒန္တ ဇောတိပါလ(ကြခတ်ဝိုင်းဆရာတော်) ဖုန်း- ၀၅၂-၂၁၀၈၂၊ ဦးမျိုးတင့်(ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပဲခူးမြို့) ဖုန်း-၀၅၂-၂၁၂၃၂၊ စေတီတော်အကျိုးတော်ဆောင်အဖွဲ့ရုံး ဖုန်း-၀၅၂-၂၄၃၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်၊ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန် အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၂၀၀၇ခုနှစ်(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲကို ခေါင်းစဉ် ၁၇ ခု သတ်မှတ်၍ ကျင်းပသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် မြောက်ဥက္ကလာပ မြို့နယ်မှ မောင်ကျော်ကျော်ထူး၊ ဒုတိယဆုရရှိသည့် သဃ်န်းကျွန်းမြို့နယ်မှ မောင်အောင်ခင်ဇော်၊ တတိယဆုရရှိသည့် ပုဇွန်တောင် မြို့နယ်မှ မအင်ကြင်းခိုင်တို့အား ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့နယ် အမက(၂)ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရင်ရင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အထက(၁) ကျောင်းခန်းမတွင်ကျင်းပရာ အမြွှာပူးဆုရ ကလေးငယ်များအား မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခွေးခွေးရိုန်က ဆုချီးမြှင့်စဉ်။ (၂၅၉)

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ကောင်းမှုလုံစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်တွင် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းများ ရက်လုပ်လှူဒါန်းခြင်း ပြုလုပ်ကြပြီး ဖေဖော်ဝါရီ ၂ ရက်တွင် သံဃာတော်နှင့် သီလရှင် ၂၆ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျီးအိပ်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များလှူဒါန်းခြင်း၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ အလှူရှင်များက ရုပ်မြင်သံကြားစက်နှင့်အတူ ငွေကျပ် ၆၂၆၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံ၂၄၂အုပ်နှင့် ငွေကျပ် ၅၆၀၀၀တန်ဖိုးရှိ ငွေပဒေသာပင်ကို စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

ကြက်လည်လိမ် မျက်စဉ်းခတ်ပေး

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကြက်လည်လိမ်(အပူဒဏ်ခံ) မျက်စဉ်းခတ်ပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ ကျေးရွာပေါင်း ၉၄ ရွာတွင် ကြက်ကောင်ရေ ၃၆၀၀၀ ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥပဒေရေးရာ ပညာပေးဟောပြော

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် တောကျောင်းကြီး စံပြကျေးရွာ၌ ဇန်နဝါရီ ၂၄ရက်က ဥပဒေရေးရာ ပညာပေးဟောပြောပွဲကို ကျင်းပရာ ခရိုင်ဒုတိယတရားသူကြီး ဒေါ်ခင်မြင့်ရီက မှုခင်းကျဆင်းရေး၊ တရားစီရင်ရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ဥပဒေအသစ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးထွန်းအေးမောင်က လောင်းကစားဥပဒေ၊ မှုခင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ပညာပေးဟောပြောကြကြောင်း သိရသည်။

စက်မှု(၁) ဈေးရောင်းပွဲတော်ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် ဖေဖော်ဝါရီ၉ ရက်မှ ၁၃ရက် အထိ စက်မှု(၁) ဈေးရောင်းပွဲတော်ကျင်းပခဲ့ရာ ပစ္စည်းအမယ်စုံ ရောင်းရငွေ စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၃၁ ဒသမ ၀၇ သန်းဖြစ်ကြောင်း သိရသည်။

မြို့နယ် သံဃနာယကအဖွဲ့ ရွေးချယ်

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ရင်းမီးကျောင်းတိုက်၌ ကျင်းပရာ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဥတ္တရာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာသီရိက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဩဝါဒကထာ မိန့်ကြားကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်ဝင်းက သာသနာဆိုင်ရာများလျှောက်ထားပြီး မြို့နယ်သံဃ နာယကအဖွဲ့ဝင် ၂၅ ရာခိုင်နှုန်း အနားယူခြင်းကို အစားထိုးရွေးချယ်ခဲ့ကြသည်။

မုန့်မျိုးစုံ အထူးဈေးရောင်းပွဲ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ ဒေသထွက် မုန့်မျိုးစုံ အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ

မန္တလေးတိုင်း မတ္တရာမြို့နယ် ကျောင်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက်က ဘဝတက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပခဲ့ရာ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးချစ်မောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဆွေးနွေးပြောကြားပြီး အလှူရှင်များက သုတရသစာအုပ်မျိုးစုံကို လှူဒါန်းခဲ့ကြသည်။

ကျေးလက် ရေပေးရေးလုပ်ငန်းဖွင့်

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တွင် ဇန်နဝါရီ ၄ ရက်က ရုံးပင်ရိုးကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမြင့်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် စေတနာသုခမ္မာရုံ၌ ဇန်နဝါရီ ၂၇ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးခင်မောင်မြင့်က မီးဘေးအန္တရာယ်သတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အကြိတ်အနယ်နွှဲရမည့် မန်ယူနှင့် ရက်ဒင်း

မော်ရင်ဟိုရင်ပိုစရာမလိုသည့် နော့ဝှစ်ချ် အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်သုံးသပ်ချက်

သုံးသပ်တင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၄

ယခုသီတင်းပတ်၌ ပရီမီယာလိဂ်ပွဲစဉ်များ ရပ်နားထားပြီး အက်ဖ်အေဖလား ပဥ္စမအဆင့် ဘောလုံးပွဲစဉ်များ ကစားကြမည်ဖြစ်ရာ ပရီမီယာလိဂ်၌ အပြိုင်ကြဲနေရသော အသင်းကြီးများ အက်ဖ်အေဖလားဘက်သို့ အာရုံစိုက်ရပြန်ပြီ ဖြစ်သည်။

အက်ဖ်အေဖလား ပဥ္စမအဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၇ရက်နှင့် ၁၈ရက်များ၌ ကစားမည်ဖြစ်ရာ ပရီမီယာလိဂ် ထိပ်တန်းအသင်းဖြစ်သည့် မန်ယူက ခြေစွာနေသော ရက်ဒင်းနှင့် အိုးထရက်ဖို့ဒ်၌ ကစားရမည့်ပွဲမှာ စိတ်ဝင်စားစရာကောင်းနေသလို ချယ်လ်ဆီးက နော့ဝှစ်ချ်နှင့် ကစားရမည် ဖြစ်သဖြင့် မော်ရင်ဟို ရင်ပူစရာမလိုသော ပွဲစဉ်ဖြစ်နေသည်။ ဖူလ်ဟမ်နှင့်စပါး ပွဲစဉ်ကလည်း ခြေကုန်ထုတ်ကြမည့် အနေအထားရှိနေရာ အက်ဖ်အေဖလား ပွဲစဉ်များက ပရိသတ် အာရုံအလှည့် အပြောင်းအဖြစ် ရင်ခုန်မှုရသများ ပေးစွမ်းမည်မှာ သေချာနေပြန်သည်။

မန်ယူနှင့် ရက်ဒင်း

ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားများကို ချိန်နေပြီဖြစ်သည့် မန်ယူတို့ ယခုပွဲ အစွမ်းကုန်ကြိုးစားမည်မှာ သေချာသည်။ မန်ယူနှင့် ရက်ဒင်းတို့ ယခင်က အက်ဖ်အေဖလားပွဲများ၌ ငါးကြိမ်ခန့်ကြုံခဲ့ဖူးရာ သရေပွဲ လေးပွဲ ဖြစ်ခဲ့သည်။ ရက်ဒင်း၏ ကစားအားမှာ စုစည်းညီညွတ်မှုနှင့် တည်ငြိမ်မှုများဖြစ်ရာ တစ်ဦးချင်းနားလည်မှုတွင် ရက်ဒင်းတို့က အားကောင်းသည်။

ရက်ဒင်းနည်းပြ စတိပ်ကော့ဝဲလ်က လူနေရာချမှုနှင့် အချိန်ကိုက် အစားထိုးတတ်မှုက အသင်းရလဒ်ကို အထောက်အကူပေးတတ်သည်ဖြစ်ရာ ဖာဂူဆန် သတိထားရမည်ဖြစ်သည်။ ရက်ဒင်းသည် ဒွိုင်လီ၊ လီတာနှင့် ဆစ်ဝဲလ်တို့အားကိုးဖြင့် မန်ယူခံစစ်ကြောင်းကို ရအောင်ထိုးဖောက်မည်ဖြစ်သော်လည်း အဝေးကွင်း၌ မန်ယူကို တန်ပြန်တိုက်စစ်ဖြင့်သာ ကစားရန်များနေသည်။ မန်ယူတွင် စီရိုနယ်ဒို၊ လာဆင်၊ ရွန်နေနှင့် ဆာဟာတို့အကုန်ထုတ်သုံးလျှင် ရက်ဒင်းခံစစ်မှူးများ ကြာရှည် တောင့်ခံနိုင်မည်မဟုတ်ရာ မန်ယူတို့ နိုင်ပွဲရမည်သာ ဖြစ်သည်။ သို့သော် ရက်ဒင်းသည် ခြေစွာလွန်းသောအသင်း ဖြစ်သည်ကို ဖာဂူဆန် အလေးထားမှသာ အနိုင်ရမည် ဖြစ်သည်။

ချယ်လ်ဆီးနှင့် နော့ဝှစ်ချ်

ချယ်လ်ဆီးတို့အတွက် အိမ်ကွင်း၌ နော့ဝှစ်ချ်ကို စိတ်ကြိုက်ကစားမည့် အနေအထားရှိနေသည်။ အင်္ဂလန်ပထမတန်းကလပ် နော့ဝှစ်ချ်သည် လက်ရှိအချိန်၌ အင်္ဂလန်ပထမတန်းကလပ်တွင် အဆင့် ၁၅ နေရာ၌ ရှိနေသည်ဖြစ်ရာ ခြေစွမ်းမှာ သာမန်မျှသာရှိသည်။ နော့ဝှစ်ချ်တွင် တိုက်စစ်မှူး ရောဘတ်အင်ရှောက တစ်ဦးတည်း ၁၇ဂိုးသွင်းထားနိုင်သူဖြစ်ပြီး တိုက်စစ်မှူး ဒါရင်ဟူကာဘိုင်ကလည်း ဂိုးသွင်းခြေစွမ်းရှိသူဖြစ်သည်။ သို့သော် ၎င်းတို့နှစ်ဦးအားနှင့် ပရီမီယာလိဂ် လက်ရှိ ချန်ပီယံ ချယ်လ်ဆီးကို မည်သို့မျှမယှဉ်နိုင်သည်ဖြစ်ရာ သရေပွဲဖြစ်ရန်ပင် မလွယ်ချေ။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ယခုနှစ်၌ အနည်းဆုံး ဖလားနှစ်လုံး ရအောင်ယူမည်ဟုဆိုထားရာ ယင်းဖလားများ၌ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားများ ပါဝင်နေသည်။ လောလောဆယ်တွင် ပရီမီယာလိဂ်၌ မန်ယူနှင့် အမှတ်ပြတ်နေသဖြင့် အနီးစပ်ဆုံး အက်ဖ်အေဖလားကို သေချာအောင် ကြိုးစားရယူမည်ဖြစ်ရာ ယခုပွဲ ရသလောက် ဂိုးသွင်းပြီး အနိုင်ယူမည်ဖြစ်သည်။ ချယ်လ်ဆီးတို့ ဂိုးမည်မျှ အထိ သွင်းနိုင်မည်ကိုသာ ကြည့်ရှုရမည့် ပွဲပင် ဖြစ်သည်။

မစ်ဒယ်ဘရော့နှင့်ဝက်စ်ဘရွန်း

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ရက်က အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲ၌ ဘရစ္စတိုးစီးတီးကို အိမ်ကွင်းတွင် နှစ်ဂိုးစီသရေကစားနိုင်ခဲ့သဖြင့် အက်ဖ်အေဖလား ပဥ္စမအဆင့် တက်လာသောဝက်စ်ဘရွန်းတို့ မစ်ဒယ်ဘရော့၏ရေးဗားဆိုက်၌ အက်ဖ်အေဖလား အိပ်မက်ပျက်ပြယ်ရတော့မည်ဖြစ်သည်။ မစ်ဒယ်ဘရော့က ယာကူဘူနှင့် ဗီဒူကာတို့အားကိုးဖြင့် ဝက်စ်ဘရွန်းကို ဂိုးရအောင်သွင်းပြီး အနိုင်ရယူရန် နည်းပြဆောက်ဂိတ် ကြိုးစားမည်ဖြစ်သည်။

အက်ဖ်အေဖလား ပဥ္စမအဆင့်သို့ ခဲရာခဲဆစ်တက်လာခဲ့ရသော ဝက်စ်ဘရွန်းတို့ ယခုအဆင့်၌ပင် ဇာတ်လမ်းဆုံးတော့မည်ဖြစ်ရာ အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို သရေပွဲဖြစ်ရန်ပင် မလွယ်ချေ။ ဝက်စ်ဘရွန်းတွင် ကာမာရာ၊ ကီဗင်ဖီလစ်နှင့် ကောမက်တို့ ခြေစွမ်းပြ ဂိုးသွင်းနိုင်လျှင် အခြေအနေကောင်း နိုင်သော်လည်း အိမ်ကွင်း၌ တစ်ဖက်အသင်း ကစားကွက်ပျက်အောင်ကစားတတ်သည့် မစ်ဒယ်ဘရော့ကို ဝက်ဘရွန်းတို့ အနိုင်မရနိုင်ပါချေ။

ဖူလ်ဟမ်နှင့် စပါး

အဝေးကွင်း၌ စပါးတို့ ခြေပေါ်အောင်မကစားနိုင်သဖြင့် ဗျူဟာအခင်းအကျင်း ပြောင်းလဲကစားနေသော နည်းပြမာတင်ဂျိုး၏ လူနေရာချမှုသည် အရေးပါလာပြီ ဖြစ်သည်။ အိမ်ကွင်း၌ မန်ယူကို လေးဂိုးပြတ်ရှုံးပြီး အဝေးကွင်း၌ ရှက်ဖီးကိုပင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသော စပါးခြေမှာ အားရဖွယ်မရှိချေ။ စပါးတိုက်စစ်တွင် ဒီဖိုးနှင့် ဘာဘာတော့ တို့အားထားစရာ တိုက်စစ်မှူးများ ဖြစ်သော်လည်း နောက်ပိုင်းပွဲများ၌ အဆုံးသတ်မှု ညံ့ဖျင်းလျက်ရှိနေသည်။

ဖူလ်ဟမ်တွင် ဟယ်ဂူဆန်၊ မွန်တဲလားနှင့် မက်ဘရိုက်တို့ တိုက်စစ်အတွဲမိနေပြီး ဂိုးသွင်းလည်း မှန်ကြသဖြင့် ဖူလ်ဟမ်တို့ ရလဒ်ကောင်းနေသည်။ စပါးတို့ ဖူလ်ဟမ်ကို ရေကုန်ရေခန်း ကစားနိုင်ပါမှ သရေပွဲမှန်းနိုင်ပြီး အိမ်ရှင် ဖူလ်ဟမ်တို့ အားထည့်လိုက်ပါက အနိုင်ရသွားနိုင်သည့်ပွဲပင် ဖြစ်သည်။

ပရင်စတန်နှင့် မန်စီးတီး

အင်္ဂလန်ပထမတန်း၏ ထိပ်ဆုံးအသင်းများ၌ ပါဝင်နေသော ပရင်စတန်သည် ယခုနှစ်၌ ခြေမှန်နေရာ မန်စီးတီး၏ လက်ရှိခြေစွမ်းဖြင့် ရင်ဆိုင်ရန် ခက်ခဲမည်ဖြစ်သည်။ အင်္ဂလန် ပထမတန်း၌ တန်းစီဇယား ဒုတိယနေရာ၌ ရပ်တည်နေသော ပရင်စတန်တွင် တိုက်စစ်မှူး ဒေးဗစ်နုဂင့်၊ ပက်ဒရစ်အက်ရီမန်းနှင့် ဝေါလေတို့က အတွဲအဖက်ညီညီ ထိုးဖောက်ကစားနိုင်သူများ ဖြစ်သည်။

အင်္ဂလန် ယူ ၂၁ အသင်းနည်းပြတာဝန်ကို ပူပူနွေးနွေးရယူထားသည့် မန်စီးတီးနည်းပြ စတီးဝပ်ပီယာ့စ်အတွက် စိန်ခေါ်စရာပွဲစဉ် ဖြစ်နေသည်။ ရှုံးပွဲများဆက်တိုက်ကြုံတွေ့နေရသော မန်စီးတီးကို နည်းပြစတီးဝပ်ပီယာ့စ်မည်သို့ ကိုင်တွယ်ကာ မည်သည့် ရလဒ်ထွက်အောင် စွမ်းဆောင်မည်ကို ကြည့်ရမည်ဖြစ်သည်။ အကြိုက်က မန်စီးတီးဖြစ်ပြီး သရေဖြစ်သွားနိုင်သည့် ပွဲပင် ဖြစ်သည်။

ဝက်စ်ဖို့ဒ်နှင့် အစ်ဆွစ်ချ်

ပရီမီယာလိဂ်၌ အောက်ဆုံးတွင် ရောက်နေသည့် ဝက်စ်ဖို့ဒ်နှင့် အင်္ဂလန် ပထမတန်းတွင် နောက်ဆုံး အဆင့်၌ ရပ်တည်နေသော အစ်ဆွစ်ချ်တို့ အတွက် အကြိတ်အနယ်ပွဲပင်ဖြစ်သည်။ နှစ်သင်းစလုံးလက်ရှိအတန်းများ၌ မျှော်လင့်ချက်မကောင်းလှသည် ဖြစ်ရာ အက်ဖ်အေဖလားပွဲစဉ်များ၌ ရသလောက် အဆင့်ရောက်အောင် ကြိုးစားကြမည့်စိတ်ဓာတ်ရှိနေကြသည်။

ဝက်စ်ဖို့ဒ်သည် တိုက်စစ်၊ ခံစစ် မျှသော အသင်းဖြစ်သော်လည်း အားသွန်ကစားမှု၌ လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ဝက်စ်ဖို့ဒ်တိုက်စစ်မှူးများဖြစ်သည့် အက်ရှလေယောင်း၊ ဘောရာဇာနှင့် ဒီမာရစ်တို့ထက် အစ်ဆွစ်ချ်တိုက်စစ်မှူးများဖြစ်သည့် အလန်လီလက်ဝင်စကီးနှင့်ဟောနက်တို့က သာလွန်ကြသည်ဖြစ်ရာ ကစားအားတောက်လျှောက်တင်မကစားပါက ဝက်စ်ဖို့ဒ်တို့ အိမ်ကွင်း ဖြစ်သော်လည်း အနိုင်ရရန် မလွယ်ချေ။

ပလိုင်းမောက်နှင့် ဒါဘီ

အင်္ဂလန် ပထမတန်းအသင်းများဖြစ်သော်လည်း ဒါဘီကတန်းစီ ဇယားထိပ်ဆုံးကို ဦးဆောင်နေသော အသင်းဖြစ်သည်။ ပလိုင်းမောက်သည် အဆင့် ၁၁ နေရာတွင် ရှိနေရာ ဒါဘီတိုက်စစ်မှူး ဒေးဗစ်ဂျွန်၊ မီရီဒစ်နှင့် နာတင်ဂါတို့က ပလိုင်းမောက် တိုက်စစ်မှူးများထက် ဂိုးသွင်းပိုသေချာသလို မြန်လည်းမြန်ကြသည်။ ကွင်းလယ်တွင်လည်း ဂျွန်ဆင်၊ ဂျက်ဆင်နှင့် မိုရေးတို့က ခြေမှန်ကြသလို ကွင်းလယ်ကစားကွက်ကို အသာစီးရအောင် ကစားနိုင်ကြသည်ဖြစ်ရာ ပလိုင်းမောက်တို့ သရေရလဒ်ပင် မျှော်မှန်း၍ မရနိုင်ချေ။ ဒါဘီတို့ အနိုင်နှင့် သရေပွဲကလွဲပြီး ရှုံးပွဲမကြုံနိုင်သည့်ပွဲပင် ဖြစ်သည်။

(ကိုးကား အင်တာနက်သတင်းများ)

စီရိုနယ်ဒို

မန်ယူအသင်းအတွက် ပွဲတိုင်းနီးပါး ဂိုးများသွင်းပြီး ခြေစွမ်းပြနေသော တိုက်စစ်မှူး စီရိုနယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)



လမ်းပတ်

ချယ်လ်ဆီး ကွင်းလယ်၏ အဓိက ဖန်တီးရှင်နှင့် ဂိုးသွင်း ခြေမှန်သူ ဖရန့်လမ်းပတ်။

(ဓာတ်ပုံ-အင်တာနက်)

ပါးမားအသင်းနည်းပြတာဝန် ရာနီယာရီအား ခန့်အပ်လိုက်ပြီ



ရောမ ဖေဖော်ဝါရီ ၁၄

ကလောဒီယို ရာနီယာရီ အား အီတလီစီးရီးအေ ပါးမားအသင်းနည်းပြအဖြစ် ခန့်အပ်လိုက်သည်။ **(အပေါ်ပုံ)**

ရာနီယာရီသည် ချယ်လ်ဆီးနှင့် ဗလင်စီယာ နည်းပြဟောင်း ဖြစ်ပြီး ၎င်းအား လက်ရှိပါးမားအသင်းနည်းပြ စတီဖန်နိုပီယိုလီနေရာတွင် အစားထိုးမည် ဖြစ်ကြောင်းသိရသည်။

ကိုးကားတင်ပြသူ မြင့်မောင်စိုး

၎င်းသည် လွန်ခဲ့သော ၁၀နှစ်က ဘောလုံးနည်းပြအလုပ်နှင့် ဝေးကွာခဲ့ကာ အီတလီနိုင်ငံသားတစ်ဦးအနေဖြင့် စီးရီးအေတွင် နည်းပြအဖြစ် ပြန်လည်ခြေချ လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။

ကြိုးစား

ပါးမားအသင်းသည် စီးရီးအေ အမှတ်ပေးဇယားတွင် အောက်ဆုံးတန်းဆင်းဇုန်တွင် ရောက်ရှိနေပြီး ရာနီယာရီ အနေဖြင့် ပါးမားအသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အဓိကထား ကြိုးစားရမည် ဖြစ်သည်။

အလုပ်ဖြုတ်

ပါးမားအသင်းသည် ဖေဖော်ဝါရီ ၁၁ရက်က ရိုးမားအသင်းကို ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့်လည်း ပါးမားအသင်းနည်းပြ စတီဖန်နိုအား နည်းပြအဖြစ်မှ အလုပ်ဖြုတ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ချယ်လ်ဆီးအသင်း တရုတ်နိုင်ငံသို့ ၂၀၀၈ ခုနှစ်၌ သွားရောက်ကစားမည်

တရုတ်သို့ ချယ်လ်ဆီးအသင်း သွားရောက်ကစားနိုင်ရေး စီးပွားရေးဆိုင်ရာညွှန်ကြားရေးမှူး ပေါလ်စမစ်နှင့် မော်ရင်ဟိုတို့ ဤသို့ဆွေးနွေးခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၁၄

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် လာမည့်နှစ် ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံသို့ အလည်သွားရောက် ကစားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက အတည်ပြုပြောကြားသည်။

အခွင့်အလမ်း

ချယ်လ်ဆီးအသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်ကစားခြင်းသည် တရုတ်ဘောလုံးအသင်းတိုးတက်ရေး အခွင့်အလမ်းတစ်ရပ်ကိုရရှိရေး ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းက တရုတ်ဘောလုံးအသင်း အောက်ခြေဘောလုံးသမားများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းက တရုတ်ဘောလုံးသမား ဈေးကွက်ကို ဖွင့်ပေးရန်လည်း စဉ်းစားလျက်ရှိကြောင်း သိရသည်။

လေ့ကျင့်ကစားခဲ့

တရုတ်ဘောလုံးအသင်းသည် ချယ်လ်ဆီး၏ ကော့ဟမ်းလေ့ကျင့်ရေးကွင်း၌ နှစ်ပတ်ကြာ လေ့ကျင့်ကစားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းမှာ လာမည့်နှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အိုလံပစ်ဘောလုံးခြေစစ်ပွဲ အိန္ဒိယအသင်းပယ်နယ်တီဖြင့်နိုင်

ကာလကတ္တား ဖေဖော်ဝါရီ ၁၄

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ဖေဖော်ဝါရီ ၁၄ ရက်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယလက်ရွေးစင် ဘောလုံးအသင်းတို့သည် အိုလံပစ်ခြေစစ်ပွဲ ဒုတိယအကျော့ပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပုံမှန်ကစားချိန်နှင့် အချိန်ပိုတို့တွင် တစ်ဖက်နှင့်တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်နေကြ၍ ပယ်နယ်တီကန်သွင်းခဲ့ကြပြီး အိန္ဒိယအသင်းက မြန်မာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဆိုပါ အိန္ဒိယ အမျိုးသားဘောလုံး အသင်းနှင့် မြန်မာအသင်းတို့သည် ပထမအကျော့တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ကြ၍ ယခုပွဲအပါအဝင် အိန္ဒိယအသင်းက မြန်မာအသင်းကို နှစ်ပွဲပေါင်း ရလဒ်ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ အိန္ဒိယအသင်းသည် လာမည့်ပွဲစဉ်၌ အီရတ်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အထက(၁)ကော့သောင်း အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၁)ကော့သောင်း အာစရိယပူဇော်ပွဲကို ဧပြီ ၈ရက် နံနက် ၁၁နာရီတွင်ကျင်းပမည်ဖြစ်ရာ ပူဇော်ခံမည့် ဆရာ ဆရာမများ၊ အငြိမ်းစားဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေထည့်ဝင်လိုပါက-

(၁) **ဦးဘိုဘိုအောင်** - **ဖုန်း-၀၅၉-၅၁၂၂၅၊ အင်္ဂါဝါရပ်ကွက်၊ ကော့သောင်းမြို့။**
(၂) **ဦးဝင်းကိုကို** - **ဖုန်း-၀၅၉-၅၁၄၁၄၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့။**
(၃) **ဦးမောင်မောင်သောင်း- ဒေါ်ခင်အေးမြင့်** - **ဖုန်း-၀၉-၅၀-၁၁၅၇၅၊ ၀၁-၇၂၃၄၆၁၊ ဆယ်မိုင်ကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်။**
(၄) **ဒေါ်ကြူကြူအေး** - **ဖုန်း-၀၁-၂၂၃၁၁၈၊၀၉-၅၁-၀၄၁၁၈၊ အမှတ် ၈၃၊ မြေညီထပ်၊ ၈လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ညှိနှိုင်းစည်းဝေးပွဲရှိ၍ တက်ရောက်အကြံဉာဏ်ပေးကြရန် နှိုးဆော်ထားပါသည်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊
မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၀၅ နေ ဦးမြင့်သိန်း-ဒေါ်မြသန်းတို့၏
တစ်ဦးတည်းသောသား
ဒေါက်တာကျော်မင်း(K လူထုမေတ္တာမြန်မာဆေးမျိုးစုံဖြန့်ချိရေး)-
ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြား)တို့၏ မောင်

မောင်မျိုးသူရဇော်

(Manager)(K လူထုမေတ္တာ မြန်မာဆေးမျိုးစုံဖြန့်ချိရေး)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ၈၇ လမ်း၊ အမှတ် ၁၂ နေ
(ဦးစံရင်)-ဒေါ်မြတို့၏ မြေး၊
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၆၇၊ မြေညီထပ်နေ
ဦးသောင်းမြင့်-ဒေါ်နုနုရင်(Fashion Star & My Fashion)တို့၏ သမီးထွေး

မယုယုမြင့်

B.A(Economics),CAT(Advance Level),(My Fashion)

တို့၏

၁-၂-၂၀၀၇ ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၁၂-၂-၂၀၀၇ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော ဦးမြင့်လွင်နှင့် ဇနီး ဒေါ်ခင်ခင်မေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးမြင့်စိန် (ဥက္ကဋ္ဌ၊ မြန်မာသီဂီဆောက်လုပ်ရေး)နှင့် ဇနီး ဒေါ်မူမူဝင်း(မြန်မာသီဂီစတိုး၊ ဗိုလ်ချုပ်ဈေး)၊ ကြွရောက်ချီးမြှင့်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သတို့သားအရံ မောင်နိုင်ဗိုလ်သန်းထွန်းနှင့် မောင်ဖြိုးဇေဦး၊ သတို့သမီးအရံ မမေသက်ထွန်းနှင့် မဆွေဇင်ထား(မြန်မာ့ရုပ်မြင်သံကြား)၊ မင်္ဂလာပန်းကြဲပေးသော မမေမြတ်နိုးမင်းနှင့် မမေမြင့်စိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ခြင်းကိုင်ဆောင်ပေးသော မောင်ညီညီမင်းထွန်းနှင့် မသင်းစုလှိုင်၊ မင်္ဂလာသတို့သမီးဝတ်စုံနှင့် မိတ်ကပ်အလှပြင်ဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မိတ်ကပ်နှင့်ပန်းအလှပြင်ဆင်ပေးသော မိတ်ကပ်ကိုတင်ချိုနှင့်အဖွဲ့ (မြန်မာ့ရုပ်မြင်သံကြား)၊ တေးဂီတ The Aces နှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဟေမာနေဝင်း၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာဖြင့်ကူညီသော Tri Star (ဦးအန့်ဆေးတိုက်)ဗီဒီယိုအဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်မျိုးသူရဇော်-မယုယုမြင့်။

ပေကျင်းအိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲစဉ် မြန်မာအမျိုးသမီးဘောလုံးအသင်းဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ၂၀၀၈ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား ၃၀ ဖြင့် ဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

တာဝန်ယူ ဆောင်ရွက်

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ အတွင်းရေးမှူးအဖြစ် ဒေါ်မိမိမော်၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင်တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် မခင်ယမင်း(ဂိုး)၊ အေးအေးသန်း(ဂိုး)၊ အေးအေးခိုင်(ဂိုး)၊ နှင်းဆီမြင့်၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ မိုးမိုးဝါ၊ အေးအေးမာ၊ မူမူလွင်၊ အိအိဖြိုး၊ သန္တာမိုး၊ သက်သက်ဝင်း၊ သဲသဲချို၊ စုမွန်၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ နေဇာလင်းလင်းအောင်၊ သူဇာထွေး၊ ဇင်မာဝမ်း၊ သန်းသန်းထွေး၊ စုစုဝေ၊ ခင်မာလာထွန်း၊ နန်းကြေးငုံ၊ မာဂရက်မေရီ၊ မြင့်မြင့်အေး၊ မိုင်နီလာထွေး၊ မိုးသီတာ၊ မာလာဝင်း၊မေသူဝင်း ခင်ချောစုမွန်တို့ ပါဝင်ကြသည်။

အုပ်စုခွဲထား

၂၀၀၈ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲစဉ်အတွက် အုပ်စုများခွဲထားရာ အုပ်စု(ဂ) ၌ မြန်မာ၊သြစတြေးလျ၊ တရုတ်(တိုင်ပေ)နှင့်ဥဇဘက်ကစ္စတန်တို့ပါဝင်ကြသည်။ အုပ်စု(ဂ) ပွဲစဉ်များကို တရုတ်(တိုင်ပေ)၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ ဖေဖော်ဝါရီ ၂၁ ရက်တွင် မြန်မာနှင့် သြစတြေးလျ၊ ဖေဖော်ဝါရီ ၂၃ ရက် တွင် မြန်မာနှင့် တရုတ် (တိုင်ပေ)၊ ဖေဖော်ဝါရီ ၂၅ရက်တွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်တို့ ယှဉ်ပြိုင်ကစား ကြရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၁၉ရက်တွင် တရုတ်(တိုင်ပေ)သို့ ထွက်ခွာကြမည်ဖြစ်သည်။

ခက်ခက်ခဲခဲ

ပဏာမ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းတွင် အာရှ(ယူ-၁၉) အမျိုးသမီးဘောလုံး ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထား သည့် အသက်(၁၉)နှစ်အောက် မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားအချို့ ပါဝင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် အာရှတိုက်မှ ထိပ်တန်းအမျိုးသမီး ဘောလုံးအသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်နေ၍ ခြေစစ်ပွဲအောင်မြင်ရေး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြင်းပြင်းထန်ထန်

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၄ရက်က ဧရာဝတီတိုင်း ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ နှစ်သင်းခွဲ၍ သရုပ်ပြခြေစမ်းပွဲ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။ ယခုအခါ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ နံနက်ပိုင်းနှင့် ညနေပိုင်း တစ်နေ့လျှင် နှစ်ကြိမ်ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar Brewery Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ Tiger-Myanmar Amateur Open 2007 ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန် ဂေါက်ကလပ်၌ ဆက်လက် ကျင်းပရာ နေဗလဝင်းမြင့်ကပင် ဦး ဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် နေဗလဝင်းမြင့်ကပင် (၇၀+၇၆) ပေါင်း ၁၄၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တတိယလိုက်နေ

ရန်မျိုးအေးက (၇၂+၇၆) ပေါင်း ၁၄၈ ချက်ဖြင့် ဒုတိယလိုက်နေပြီး၊ ကျော်သီဟက (၇၆+၇၃)၊ ဘိုဘိုက (၇၅+၇၄)၊ ရန်နိုင်ဖြိုးက (၇၅+၇၄) နှင့် ငွေအောင်ငွေးက (၇၄+၇၅)ပေါင်း ၁၄၉ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ် ၍ Co.Sponsors များအဖြစ် Alpine Purisied Drinking Water, Srixon, Point Golf Gear Factory, Air Mandalay, Osim နှင့် Accel International Co., Ltd. (Canon) တို့ကလည်း ထပ်မံ၍ ပံ့ပိုး ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေး အတွက် Organized By Han Event Managament က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ၁၅ရက် နံနက် ၈နာရီတွင် တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



၂၀၀၇ခုနှစ် တိုက် ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲတွင်ဦးဆောင်ကစားလျက်ရှိသော နေဗလဝင်းမြင့် ယှဉ်ပြိုင် ကစားစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မီးကြွင်းမီးကျန်မှမြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီအချိန်ခန့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်)မြို့နယ် (၇၀) ရပ်ကွက်ရောလမ်းအမှတ်(၂၆၅)နေ ဦးမောင်မောင်သန်း၏ အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးသည်။

ကျိုက်ထိုမြို့နယ်

ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲအချိန်ခန့် မွန်ပြည်နယ် ကျိုက်ထို မြို့နယ်၏ တောင်ပိုင်းရပ်ကွက် နီလာလမ်း အိမ်အမှတ် (၁၅၇)နေ ဦးစိုးဝင်း (မိုးမိုးယိုစုံလုပ်ငန်း)၏ အိမ်တွင်မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံနှင့် ယိုပြုလုပ်သည့် ပစ္စည်းများ မီးလောင်ဆုံးရှုံးသည်။

မိုးကုတ်မြို့နယ်

ယင်းနေ့ ည ၁၀ နာရီအချိန်ခန့် မန္တလေးတိုင်း မိုးကုတ်မြို့နယ် အရန်မီးသတ်စခန်းနှင့် သုံးဖာလုံကွာဝေးသော ပိတ်ရှယ် နယ်မြေ (၃)နေ ဒေါ်ရီစန်း၏ အိမ်တွင် ဖယောင်းတိုင်မီးထွန်း၍ စာကျက်ရာမှ အိပ်ပျော်သွားစဉ် ထရံသို့ ကူးစက်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ခံရပြီး လူဦးရေစုစုပေါင်းနှစ်ဦး၊ မီးဘေး ဒုက္ခရောက်ကာ လူတစ်ဦး သေဆုံးခဲ့သည်။

ရန်ကင်းမြို့နယ်

အလားတူ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီအချိန်ခန့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မိုးကောင်းလမ်း အမှတ်(၁၉/ဘီ)နေ ဦးမောင်မောင်ဝင်းမြင့်အိမ်တွင် သက္ကလပ်စ အခင်းပေါ် ခြင်ဆေးခွေ ထွန်းထားရာမှ မီးလောင်မှု ဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသည်။

ညောင်တုန်းမြို့နယ်

ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်ခန့် ဧရာဝတီတိုင်း မအူပင်ခရိုင်ညောင်တုန်း မြို့နယ် အမှတ် (၁) ရပ်ကွက် လမ်း(၄၀) အိမ်အမှတ်(၁၁၇)နေ ဒေါ်အုန်းမြိုင်၏ အိမ်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တဲခြောက်လုံးနှင့် ပဲအရောင်းဆိုင်ခန်း လေးခန်း မီးလောင်ဆုံးရှုံးခဲ့ရပြီး လူဦးရေ စုစုပေါင်း ၃၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

လ/၉၀၆၆ ၏ မော်တော်ယာဉ်မှတ်ပုံတင် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရှိသူ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပါရန်။

ဒေါ်စန်းစန်းနွယ်
ဖုန်း-၀၁-၅၅၇၈၂၃၊
၀၉-၅၀-၁၅၈၄၄။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မိုးလုံလေလုံ အားကစားခန်းမ ဖွင့်ပွဲ

စိုင်းသိန်း (ကျိုင်းတုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယခုနှစ်ဆောင်းရာသီသည် အေးလှပါ၏။ ချမ်းခိုက်ခိုက်တုံဟု ဆိုရပါလိမ့်မည်။ ချမ်း၍အေးသည်ဟု အကြောင်းပြကာ ငွမ်းကပ်စောင်ခြုံ၍ ကွေးမည်ဆိုလည်း ကျန်းမာရေးအတွက် အထောက်အကူပြုလိမ့်မည်မဟုတ်ပေ။

သို့အတွက် အများသူငါနည်းတူ နံနက်စောစောထ ကိုယ်လက်သန့်ရှင်းရေး ပြုလုပ်ပြီးနောက် လူထုစုပေါင်း လမ်းလျှောက်ပွဲသို့ ပူးပေါင်းပါဝင် ချီတက်ခဲ့ပါ၏။ ကျွန်တော်တို့ လူထုစုပေါင်း လမ်းလျှောက်ပွဲသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

၃၀-၁၂-၂၀၀၆ရက် ကျွန်တော်တို့ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် နံနက် ၅နာရီ ၂၅မိနစ်တွင် ကျိုင်းတုံမြို့၊ မြို့လယ်ကျောက်တိုင်၌ စုရုံးရောက်ရှိကြပြီး နံနက်၅နာရီခွဲတွင် တိုင်းမှူးနှင့် လူထုအင်အားစုများသည် မြို့လယ်ကျောက်တိုင်မှ စတင်၍ ကျိုင်းတုံ၊ တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးအတိုင်း လမ်းလျှောက်ထွက်ခွာခဲ့ကြရာ နံနက် ၆နာရီ ၁၅မိနစ်တွင် ကျိုင်းတုံမြို့အဝင် ဂေါက်ကွင်းလမ်းဆုံသို့ ရောက်ရှိကြပြီးနောက် ၎င်းမှတစ်ဆင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အားကစားကွင်းသို့ ပြန်လည်၍ တပျော်တပါး လမ်းလျှောက်ခဲ့ကြပါသည်။

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်သူများသည် နံနက် ၆နာရီ မိနစ်၅၀တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အားကစားကွင်းသို့ ပြန်လည်ရောက်ရှိကြပြီး စုပေါင်းကိုယ်လက်လှုပ်ရှားမှု ကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြပြီးနောက် နံနက် ၇နာရီတွင် လူထုစုပေါင်း လမ်းလျှောက်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါ၏။

အခမ်းအနားပြီးသဖြင့် ဈေးဘက်သို့လမ်းလျှောက်လာစဉ် ကျိုင်းတုံ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဦးနိုးဝေက ဆိုင်ကယ်ထိုးရပ်ကာ "ကဲ-ဆရာဘို၊ ဆိုင်ကယ်ပေါ်တက်ပါ၊ အဆင့်မြင့်တင် ပြင်ဆင်ထားတဲ့ မိုးလုံလေလုံ အားကစားခန်းမ ဖွင့်ပွဲတက်ပါဦး"ဟု ဆိုသည့်အတွက် ဖွင့်ပွဲအခမ်းအနားသို့ ခရီးဆက်ခဲ့ပါ၏။

ကျွန်တော်တို့ အားကစားခန်းမသို့ရောက်တော့ နံနက် ၈နာရီ ထိုးနေပါပြီ။ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယတိုင်းမှူးအပါအဝင် ပြည်နယ်၊ ခရိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘော်လီဘော အားကစားသမားများ၊ တိုက်ကွမ်ဒိုအသင်းနှင့် ကရာတေးဒိုအသင်းများမှ အားကစားသမားများ၊ အေရိုးဗစ်အကအဖွဲ့ဝင် ကျောင်းသူလေးများ၊ အလှူရှင်များနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြပါ၏။

အစီအစဉ်အရ တိုင်းမှူးက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံ အားကစားခန်းမကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် အားကစားခန်းမအတွင်း သတ်မှတ်နေရာများ၌ အသီးသီး နေရာယူကြပါသည်။

ဆက်လက်၍ တိုင်းမှူးက မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲတွင် အမှာစကားပြောကြားပါ၏။

နိုင်ငံတကာ၌ မိမိနိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ တိုးတက် မြင့်မားရေးအတွက် အားကစား ပြိုင်ပွဲများကို အောင်မြင်မှုများဖြင့် တိုင်းတာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်များထဲမှ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကျန်းမာကြံ့ခိုင်ရေးကို အဓိက အထောက်အကူဖြစ်စေသည့် အားကစား အဆင့်အတန်း မြင့်မားရေး ဆောင်ရွက်ခြင်းသည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် အားကစားကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အားကစားကွင်း၊ အားကစားရုံ၊ အားကစားအထောက်အကူပြုပစ္စည်း၊ အားကစားသင်တန်း၊ အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသအသီးသီးတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေချိန်တွင် တိုင်းစစ်ဌာနချုပ်အနေဖြင့် အားကစားသင်တန်းများနှင့် အားကစားပြိုင်ပွဲများကို အဆင့်မီစွာ ကျင်းပဆောင်ရွက်ပေးနိုင်ပြီး အားကစားပရိသတ်များ အဆင့်အတန်းမြင့်မြင့် ကြည့်ရှုနိုင်ရန် ရည်ရွယ်၍ ယခုလို မိုးလုံလေလုံ အားကစားခန်းမအဖြစ် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အားကစားအဆင့်အတန်းမြင့်မားတိုးတက်အောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အားကစားကွင်းတွင် ပွဲကြည့်စင်များ ဆောက်လုပ်ခြင်း၊ မြို့မအားကစားကွင်း အကြီးစားပြုပြင်ခြင်းနှင့်

အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက်က ဖွင့်လှစ်ခဲ့သည့် ကျိုင်းတုံမြို့ မိုးလုံလေလုံ အားကစားခန်းမကို ဤသို့ တွေ့ရသည်။

ပွဲကြည့်စင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး၊ ယခုအခါ မိုင်းဆတ်မြို့တွင် ပြည်နယ်အဆင့်နီးပါးရှိ မိုးလုံလေလုံ အားကစားရုံတစ်ခုကို ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခုလို စနစ်တကျပြုပြင်တည်ဆောက်ထားသော အားကစားခန်းမကြီး တစ်ခု ဖြစ်ပေါ်လာခြင်းသည် ထူးချွန်သည့် တိုင်းစစ်ဌာနချုပ် ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် လမ်းဖွင့်ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြည်နယ်အားကစားကွင်း၊ ပြည်နယ် အားကစားခန်းမများအပြင် တိုင်းစစ်ဌာနချုပ်၏ ခေတ်မီအားကစားခန်းမတစ်ခု ပေါ်ထွန်းလာပြီဖြစ်သောကြောင့် အားကစားအဆင့်အတန်း မြင့်မားရေးအတွက် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အားကစားခန်းမဖွင့်ပွဲ အထိမ်းအမှတ် အားကစား သရုပ်ပြအစီအစဉ်များကို ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုက်ကွမ်ဒိုအသင်း၊ ကရာတေးဒိုအသင်းတို့မှ အားကစားသရုပ်ပြကွက်များကိုလည်းကောင်း၊ အေရိုးဗစ်အကအဖွဲ့ဝင် ကျောင်းသူလေးများမှ အေရိုးဗစ် လေ့ကျင့်ခန်းများဖြင့် လည်းကောင်း သရုပ်ပြကြပြီး အမျိုးသားဘော်လီဘောဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းနှင့် ပြည်နယ်လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းမှူးနှင့်ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြပါသည်။

အဆိုပါ တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုးလုံလေလုံ အားကစားခန်းမ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများဖြစ်သည့် အပေါ်၁၀ပေ မြှင့်တင်ဆောက်လုပ်ခြင်း၊ လျှာထိုးကြမ်းခင်းများ ပြုလုပ်ခြင်း၊ ပွဲကြည့်စင်များ တည်ဆောက်ခြင်း၊ အဆင့်မီ ပလတ်စတစ်ထိုင်ခုံအလုံး ၃၀၀ တပ်ဆင်ခြင်း၊ အားကစားသမားများ နားနေခန်းများနှင့် အားကစားရုံပတ်လည် ပတ်လမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ အားကစားခန်းမကြီးတွင် ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ အေရိုးဗစ် စသည့်အားကစားနည်းများ အပါအဝင် "Indoor Game"များကို လွတ်လပ်စွာ စံချိန်မီ လေ့ကျင့်ကစားနိုင်ပြီဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသတည်း။ ။

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ပံ့သည့် ကတ္တရာဖြင့် ရန်အောင်မြင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးခင်မောင်ဖြူနှင့် ဝန်ထမ်းများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌဦးလှသောင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်သူဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလဆန်း ၁ရက်
၁၆-၂-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တန်ဖိုးမြှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှု)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် လင်းနေပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (လေလှိုင်းကြားမှ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) အချစ်ဟောင်းနဲ့ဆောင်းပုံပြင် (တွံတေးသိန်းတန်)
(၂) ဆောင်းည (လှလှထူး)
(၃) ဆောင်းနှင်းပွင့်လို အချစ်လေး (ကိုကိုဦး)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) မြန်မာ့အသံစေတနာမှန် (ခေါင်းကြီးပိုင်း)
(၂) ပီတိ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သိစေချင်လိုက်တာ)
၁၈း၄၀ သိပ္ပံပညာ သိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီရိုးရာဆေးဝါးကုထုံးများ-ဒုတိယပိုင်း မောင်ဆုရှင်)
၁၉း၁၅ နှောင်းခေတ်ကြေးမုံဇာတ်လမ်းစုံ (မောဟလွန်ကဲ အတ္တစွဲ)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စကားဝါပန်း (ဌေးဌေးမြင့်)
(၂) မိုးမဆုံး မြေမဆုံး (ညောဝတီခင်မောင်သန့်)
(၃) ရွှေစွန်ညို ဘာလို့ဝဲ (ခိုင်ဝါ)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ချောင်းဆုံမြို့ သမိန်ဗရမ်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၁ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဝေနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိတ္ထီလာမြို့ ပြည်သာယာ ၆ လမ်း အေးရိပ်ခြံနေ ဗိုလ်ကြီးလှဝင်းအား ရည်စူး၍ ဒေါ်မြမြအေး၊ သား ဗိုလ်ကြီးမျိုးမင်းထိုက်၊ မအေးသူဇာကြိုင်၊ ကိုရဲမာန်၊ ကိုဖွဲ့မာန် မိသားစုတို့က အလှူငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဆီမီးထူး အရှင်ဝိနယ (ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မူဆယ်မြို့ ကြာညိုလမ်း ကတ္တရာခင်း

မူဆယ် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်သည် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်း၊ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့နှင့်အတူ ဇန်နဝါရီ ၁၃ ရက်က မူဆယ်မြို့ ကြာညိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ပြွန်တန်ဆာမြို့ မင်းလမ်းနေ ဒေါ်ရီ (ခ) ဒေါ်ခင်ရီက အမေရိကန်ဒေါ်လာ ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၈

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ လူရည်ချွန်၊ လူရည်မွန် ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက ဗဟန်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ်းမှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက အငြိမ်းစား အရှေ့တိုင်းပညာ ကထိက ဦးအောင်ထွန်း၏ ကန်တော့ချီးဖြင့် တက်ရောက်လာသူ အသက်(၇၅)နှစ်အထက် အသင်းသူ အသင်းသား ဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။ ကန်တော့ခံများကိုယ်စား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (အငြိမ်းစား)ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဩဝါဒနှင့် ဆုပေးစကားချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်တို့၏သားသမီးများအား အသင်းနာယကများနှင့် အမှုဆောင်များက ဆုချီးမြှင့်ကြသည်။

ထို့နောက် လူရည်ချွန်၊ လူရည်မွန် ဂုဏ်ပြုပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကွမ်းခြံကုန်း နယ်သူ အသင်းသားများထဲမှ နိုင်ငံတော်အဆင့်ဆုရ ပုဂ္ဂိုလ်များဖြစ်ကြသော"သီဟသုဓမ္မသိင်္ဂီ"ဘွဲ့ရ ဒေါ်ခိုင်ခိုင်ဦး**(အပေါ်ပုံ)**၊ "စီမံထူးချွန် ပထမဆင့်"ဆုရ ညွှန်ကြားရေးမှူးချုပ် ဦးရှုကြိမ်(အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် တေးသီချင်းပြိုင်ပွဲဆုရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးညွန့်လှိုင် (ညွန့်လှိုင်-ကွမ်းခြံကုန်း)၊ ဓာတုဗေဒပါရဂူဘွဲ့ရ မြိတ် တက္ကသိုလ်မှ ကထိကဒေါ်ချိုချိုငြိမ်းတို့အား စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အသင်းနာယကများနှင့် ဥက္ကဋ္ဌတို့က ဆုတံဆိပ်နှင့် ငွေသားတို့ကို ချီးမြှင့်ဂုဏ်ပြုကြသည်။

အလှူငွေ

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ နာရေးကူညီမှုအသင်းအတွက် အလှူငွေများကို လည်းကောင်း၊ ဖြူစင်မေတ္တာ ကျန်းမာရေးစောင့်ရှောက်မှု အသင်းအတွက် အလှူငွေများကို လည်းကောင်း၊ မြို့နယ်အသင်းအတွက် အလှူငွေများကို လည်းကောင်း၊ အလှူရှင် အသင်းသားများက ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(က-ပ)**

ပေါင်းတည်-အုန်းသုံးပင် မြေနီလမ်းဖွင့်

ပေါင်းတည် ဖေဖော်ဝါရီ ၁၃

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့နှင့် ကျေးရွာဆက် ပေါင်းတည်-အုန်းသုံးပင် မြေနီလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြေနီလမ်းကို ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံခဲ့

ပေါင်းတည်-အုန်းသုံးပင်လမ်းကို ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅၅၀၀၀၀ ဖြင့် အကုန်အကျခံ၍ မြေနီလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ **(ဝ၆၄)**

ယင်လုံသံဆန်ခါ

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်တိုးမြင့်၊ ကျန်းမာရေးမှူး (၂) ဦးသက်လွင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၁၆ ရက်က ဈေးအတွင်း အပြင်သန့်ရှင်းရေး၊ သားငါးတန်းများတွင် ယင်လုံသံဆန်ခါများဖြင့် ရောင်းချခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။(မြို့နယ်စည်ပင်)



ချုံနွယ်များရှင်းလင်း

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇန်နဝါရီ ၂၂ ရက်က အောင်ပန်း-လွိုင်ကော် ကားလမ်းဘေးဝဲယာ ပေါင်းမြက်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင်နှင့် ဒုတိယဦးစီးမှူး ဦးဝင်းနိုင်တို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မုဒုံမြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲ

မုဒုံ ဖေဖော်ဝါရီ ၅

မုဒုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ယခင်(A.B.M/AVM) အနီကျောင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁ ရက် နံနက် ၁၁ နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူဟောင်းများ ကိုယ်တိုင်တက်ရောက်ပူဇော်ကန်တော့ရန်နှင့် လှူဒါန်းငွေများ ပါဝင်လှူဒါန်းလိုပါက ဒေါ်ကျင်အေး (ကျောင်းအုပ်ဆရာမကြီး) အထက(၂) မုဒုံ ဖုန်း-၀၅၇-၇၀၀၂၈၊ ဦးမျိုးမင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း) ဖုန်း-၀၁-၅၈၄၆၅၁၊ ဒေါက်တာ စိုးမြင့်ဝင်း မုဒုံ ဖုန်း-၀၅၇-၇၀၀၅၅၊ ဦးခင်မောင်သန်း (တရားရုံးချုပ်ရှေ့နေ)ဖုန်း-၀၅၇-၇၀၇၀၄ နှင့် ဒေါ်စန်းစန်းသွင် ဖုန်း- ၀၁-၂၉၃၈၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးလုပ်ငန်းများ မိတ္ထီလာမြို့၌ ညှိနှိုင်းဆွေးနွေး

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုပေါင်း၍ ပြန်ကြားရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင်ကျင်းပရာ ညှိနှိုင်းပွဲသို့ ခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ မြို့ပေါ်ရပ်ကွက်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းပွဲတွင် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များတည်တံ့ရေးအတွက် ကိုယ်ပိုင်စာကြည့်တိုက်အဆောက်အအုံ၊ စာအုပ်၊ စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင်များရရှိရေးနှင့် ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြရာ ခရိုင်ဦးစီးအရာရှိက ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သမိုင်းဝင်ရွှေမျက်မှန် ဆုတောင်းပြည့်ဘုရားကြီး ဘုံနန်းပြာသာဒ်တည်ဆောက်ရေး အလှူငွေပေးအပ်

ရွှေတောင် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန် ဆုတောင်းပြည့်ဘုရားကြီး ကိန်းဝပ်စံပယ်သော ဂန္ဓကုဋိတိုက်၏ အထက်ဆင့်၌ ဘုံခုနစ်ဆင့်ပါဝင်သည့် ဘုံနန်းပြာသာဒ် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက ဘုရားဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ ရွှေတောင်မြို့ သစ်ချို့ပင်လမ်းနေ ဦးတိုးတိုး-ဒေါ်မြင့်မြင့်ကြိုင် မိသားစုက ငွေကျပ်တစ်သိန်း၊ ရွှေတောင်မြို့ မင်းရပ်နေ ဦးစံဖေမိသားစုက ငွေကျပ်တစ်သိန်း၊ ရွှေတောင်မြို့ ဆယ်နာရီဈေး ဒေါ်သန်းနု မိသားစုက ငွေကျပ်တစ်သိန်း **(ဓါတ်ပုံ)**၊ ရွှေတောင်မြို့ မင်းရပ်တန်းနေ ဒေါ်ခင်ရီမိသားစု (ပစ်တိုင်းထောင်ဆေးလိပ်ခုံ)က ငွေကျပ်တစ်သိန်း၊ ပြည်မြို့နေ ဒေါ်ခင်စန်းဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ နိုင်ငံတော် ဘွဲ့တံဆိပ်တော်(၁၀)ဘွဲ့ရ မင်းကွန်းဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရက ငွေကျပ်ငါးသောင်း၊ ရွှေတောင်မြို့ ဘီအိုစီမန်နေဂျာ ဦးအောင်လှသိန်း မိသားစုက ငွေကျပ်ငါးသောင်းနှင့် ရွှေတောင်မြို့နယ် လျှပ်စစ်ရုံး မိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရွှေမျက်မှန်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလှူရှင်များ ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်ညွန့်ညွန့်ခင် ဖုန်း-၀၉-၅၁၄၀၂၀၃၊ ဦးကျော်အေး ဖုန်း-၃၇၁၇၄၀ နှင့် ရွှေမျက်မှန်ဘုရားကြီးဂေါပကရုံး ဖုန်း-၀၅၃-၅၅၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

မြကျိုက်ပုံစေတီတော် ပြန်လည်တည်ထားရေးဆောင်ရွက်

ခနေဖြူ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း မအူပင်ခရိုင် ခနေဖြူ မြို့နယ် အရှေ့ဘက်ကမ်း စံကင်းတိုက်နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် မြကျိုက်ပုံစေတီတော်မြတ်ကြီးသည် ၁၃၆၂ခု တန်ဆောင်မုန်းလဆန်း ၁ရက် ည ၁၁နာရီက ရေထဲသို့နစ်မြုပ်သွားခဲ့ရာ ၁၃၆၅ခု ကဆုန်လပြည့်နေ့က စံကင်းကျောက်တိုင်နယ်မြေအတွင်းသို့ စေတီတော်မြတ်ကြီးကို အသစ်ပြန်လည် တည်ထားခဲ့ပြီး ဖေဖော်ဝါရီ ၃ရက် နံနက် ၈နာရီက မြန်မာ့ကြံလုပ်ငန်းမှ ဗိုလ်မှူးတိုးဝင်းဦးဆောင်သော ဝန်ထမ်းများသည် အုတ်၊ သဲ၊ ကျောက်များကို ဘုရားရင်ပြင်ပေါ်သို့ စေတနာအလျောက် ညနေ၅နာရီအထိ လုပ်အားဒါန တပျော်တပါး ပေးလှူကြသည်။ **(အပေါ်ပုံ)**

ပြီးမြောက်

ထိုအသစ်ပြန်လည် တည်ထားကိုးကွယ်နေသော မြကျိုက်ပုံစေတော်ကို ဂေါပကဥက္ကဋ္ဌ ဦးထွန်းရှင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ဦးဆောင်၍ ကျေးရွာနေ စေတနာရှင် ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရာ ယခု ပစ္စယာနုစ်ဆင့်အထိ ပြီးမြောက်ပြီး ကျန်အဆင့်များကို လည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးသို့ လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ၊ ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုသူများသည် ဂေါပကရုံး ဖုန်း-၀၄၆-၂၅၁၄၈၊ ၀၄၆-၂၅၃၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၈၅)**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဖေဖော်ဝါရီ ၉

မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)နှင့် ပြည်ခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေးနှင့် အကြိုအခြေခံမီးသတ်သင်တန်း(၂/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီက ပဲခူးတိုင်း (အနောက်)ပြည်မြို့ မြန်မာ့သစ်လုပ်ငန်းအခြေစိုက် အလုပ်ရုံ (ပြည်)၌ ကျင်းပရာ မန်နေဂျာ အင်ဂျင်နီယာဦးနေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက မီးသတ်ပညာ စာတွေ့များကိုလည်းကောင်း၊ အခြေခံစစ်ရေးပြဘာသာရပ်နှင့် မီးသတ်စက် လေ့ကျင့်မှုများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကလည်းကောင်း လက်တွေ့ သင်ကြား ပို့ချကြသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် အခြေစိုက်အလုပ်ရုံ(ပြည်)မှ ဝန်ထမ်း ၄၆ ဦးနှင့် ပဲခူးတိုင်း(အနောက်)မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်း ရှစ်ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၆ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြား ပို့ချလျက်ရှိကြောင်း သိရသည်။ **(၄၀၃)**

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစိုးတင့်ဖေဖော်ဝါရီ၃ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ယင်လုံဆန်ခါဖြင့် သား ငါး ရောင်းချမှုကို ကွင်း ဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေချမ်းစင်ရွာကျောင်းဆရာတော် ဈာပနကျင်းပရေးညှိနှိုင်း

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၂

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေချမ်းစင်ရွာကျောင်းဆရာတော် ဦးစိန္တာမယသည် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၅ ရက်က ဘဝနတ်ထံပျံလွန်တော်မူ၍ ဆရာတော်၏ အန္တိမဈာပန ပူဇော်ပွဲအတွက် လေးအိမ်ရွာကျောင်း ဆရာတော်၊ သမ္ဘန်တင်ရွာကျောင်းဆရာတော်၊ ကုန်းသောင်ရွာကျောင်း ဆရာတော်နှင့် တပည့်ဦးကုသလ၊ ဂေါ်စကံရွာ၊ ရေချမ်းစင်ရွာ၊ ငှက်ပျောတောရွာနှင့် ညောင်ပင်ဒေါင့်များမှ ဒကာ၊ဒကာမများ၊ အနီး အဝေးရွာများမှ ဒါယကာ၊ ဒါယိကာမများ ညှိနှိုင်းအစည်းအဝေးကို တပို့တွဲလပြည့်ကျော် ၁၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ (၁၃၆၈ခုနှစ် တပေါင်းလဆုတ် ၉ရက်) မတ်၁၁ရက်တွင် ကျောင်းချပွဲ ကျင်းပပြီး (လပြည့်ကျော်၁၂ရက်) မတ် ၁၂ရက်၌ ရုပ်ကလာပ် ထုတ်ပွဲကျင်းပပြီး ဂူသွင်းပူဇော်ရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ **(က-ပ)**

ကျောက်တံခါးမြို့၌ ကျေးလက်လမ်းဖောက်

ကျောက်တံခါး ဖေဖော်ဝါရီ ၃

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့် ကျေးလက် ဆက်သွယ်သော ကျောက်တံခါး- သင်္ကန်းချောင်း-ဗောဓိကွင်း ကျေးလက်မြေသားလမ်းအကျယ် ၁၆ပေ၊ အလျား တစ်မိုင် ဖောက်လုပ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဟိန်းဇော် ဦးဆောင်သော စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ ၃ရက်ကဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

သံဖြူဇရပ် အထက(၂)ပညာရေးစုံညီပွဲတော်ကျင်းပ

သံဖြူဇရပ် ဖေဖော်ဝါရီ ၁

သံဖြူဇရပ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၆/၂၀၀၇ခုနှစ် ပညာသင်နှစ်၏ မိဘဆရာ ကျောင်းသား ကျောင်းသူ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ရက်က အဆိုပါကျောင်း ရှင်စောပုခန်းမတွင် ကျင်းပသည်။

စုံညီပွဲတော်သို့ သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ကျောင်းစုအတွင်းရှိ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်း၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးတို့က အမှာစကားများ ပြောကြားကြပြီး ပညာသင်နှစ်၏ နှစ်ဝက် ဘာသာရပ်ထူးချွန်ဆု၊ ပညာရည်ချွန်ဆု၊ အထိမ်းအမှတ်များနေ့ ပြည်နယ်၊ မြို့နယ်အဆင့် စာစီစာကုံးဆု၊ အားကစား ထူးချွန်ဆု၊ ပန်းချီပြိုင်ပွဲ ထူးချွန်ဆုများကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြင်သန်းတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုင်းယန်းမြို့၌ အိုင်အိုဒင်းဆား ရောင်းချမှု စစ်ဆေး

မိုင်းယန်း ဖေဖော်ဝါရီ ၂

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်း၍ ဇန်နဝါရီ ၂၃ ရက်က မိုင်းယန်းမြို့ရှိ ဈေးဆိုင်ခန်းများနှင့် အိမ်ဆိုင်များတွင် ရောင်းချလျက်ရှိသော အိုင်အိုဒင်းဆားများတွင် အိုင်အိုဒင်းပါဝင်မှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မကွေးတိုင်း စလင်းမြို့နယ် ရှမ်းရွာကုန်း-ဝက်သိုက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ဇန်နဝါရီ ၂ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးတင်လှိုင် နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက လမ်းဖောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ငြိမ်းချမ်းရေးကို အာသာငမ်းငမ်းတောင့်တနေကြသည့် ကရင်တိုင်းရင်းသားများ၏ဆန္ဒနှင့်အညီ KNU / KNLA ငြိမ်းချမ်းရေးကောင်စီက ငြိမ်းချမ်းရေးမီးရှူးတိုင်ကြီး ထွန်းညှိပေးလိုက်ပြီ

ငြိမ်းချမ်းရေးအခြေခံဒေသများ၌ ရွာပုန်းရွာရှောင်ဟူ၍မရှိ၊ ဒုက္ခသည်စခန်းဟူ၍မရှိ ကရင်ပြည်နယ်သူ ပြည်နယ်သားများအားလုံး လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်ကြပြီ

ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ငြိမ်းချမ်းရေးအမြန်ရယူတည်ဆောက်ကြရန် တိုက်တွန်း

အေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြဖို့ KNU / KNLA ရဲဘော်များအားလုံးကို နွေးထွေးစွာဖိတ်ခေါ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်း အင်အား ၃၂၀ သည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မိုးလေဝသ အခြေအနေ

၁၅ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မြန်မာ့ဗွတ်ခလင် အမျိုးသားရေးရာအဖွဲ့ချုပ်က CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်ထုတ်ပြန်

မြန်မာနိုင်ငံ၌ ကိုးကွယ်မှုဘာသာကြီးများ ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိ CSW အဖွဲ့၏ အစီရင်ခံစာသည် ယိုးစွပ်မှုများသာဖြစ်ပြီး လုံးဝအခြေအမြစ်မရှိ နိုင်ငံရေးအမြတ်ထုတ် စွက်ဖက်လုံ့ဆော်ခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့(Christian Solidarity Worldwide-CSW)ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ *